www.burmeseclassic.com

ဝေးရှယ်

[illegible]



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၃၄၀၁၃၆၉၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၅၆၀၅၀၉

ထုတ်ဝေသူ – ဦးဝင်းသူရလွင်

(အိပ်မက်အသစ်စာပေ)

၃၈ (၃ လွှာ)၊ ၁၅၃–လမ်း

တာမွေမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဦးဇော်မြင့်ဝင်း

(ကာလာရှန်ပုံနှိပ်တိုက်)

၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)

ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း – Nay Myo Say

ပုံနှိပ်ခြင်း – ပထမအကြိမ်

မေလ ၂၀၀၉ ခုနှစ်

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၁၅၀၀ ကျပ်

၈၉၅.၁

လူနေ

ခေးရယ် / လူနေ ။ – ရန်ကုန်

အိပ်မက်အသစ်၊ ၂၀၀၉။

၂၂၄ စာ၊ ၁၂ × ၁၈.၅ စင်တီ။

(၁) ခေးရယ်


BURMESE CLASSIC

## အိပ်မက်အသစ် မှ ထွက်ရှိပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | မြစ်ကြီးသွားသောလမ်းဆီးနှင့်... | သစ္စာနီ |
| ၂။ | အကောင်းဆုံးအတွက်.. | ဝေမှူးသွင် |
| ၃။ | ဂေါ်ဘာယ်လိုက်ဇာရှင်း ချေမှောင်းနှင့်... | မောင်ရှုဝမ်း |
| ၄။ | လောက်စီမ်ဗြာနှင့်သံမဏိမိုးငွေ့ | ...ခင်နွယ် |
| ၅။ | နိုးရာသီဟော်ပွဲ | ...ဝေမှူးသွင် |
| ၆။ | ဓာမ်းဝေးလှောင်အိမ် | သစ္စာနီ မင်းခိုက်စိုးစန် |
| ၇။ | သူ့ရဲ့ကောင်းပြီးနှင့်... | ...ခင်နွယ် |
| ၈။ | မှုကြီးတစ်ဦးရဲ့ဗောလ... | ဝေမှူးသွင် |
| ၉။ | ကြက်မြွေခတ်နှစ်ခု | တာရာမင်းဝေ ဝေမှူးသွင် |
| ၁၀။ | မင်းလူ့.. ဝေမှူးသွင် ...၊ မင်းပြည့်မွန် | မင်းလူ၊ ဝေမှူးသွင်၊ ...ပြည့်မွန် |
| ၁၁။ | ပြတင်းပေါက်ကလွင့်ကျသွားတဲ့အိပ်မက် | ...မင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်မက်ဗာ | ရွှေထိုက် |
| ၁၃။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ ...မင်းပြည့်မွန် |
| ၁၄။ | အဝေးသွားလွမ်းမှုံယာဉ် | ဝေမှူးသွင် |
| ၁၅။ | ဟိုး...ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှက်ဆိုးတွန်ချိန် | သတိုးဇေဝ |
| ၁၇။ | စောင့်နေသူ | သတိုးဇေဝ |
| ၁၈။ | ညဉ့်နက်သန်းခေါင်ခွေးတစ်ကောင် | သတိုးဇေဝ |
| ၁၉။ | ဂျစ်ပစီသင်ခန်းစာ | လင်းညို့သွေး |
| ၂၀။ | မိစ္ဆာမျက်ရည် | ဒေဝလကျော် |
| ၂၁။ | ခွဲလမ်းခြင်းခရီးသည် | သတိုးဇေဝ |
| ၂၂။ | မာယာကစားပွဲ | လင်းညို့သွေး |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူရွာ | လူနေ |
| ၂၅။ | အမှောင်ကြောက်သူ | သတိုးဇေဝ၊ ဒေဝလကျော် |
| ၂၆။ | ညည်းတွားနှိုက်တဲ့ဝံသံ | သတိုးဇေဝ |
| ၂၇။ | ဦးရှင်ကြီး | ဒီဓူကျော်စွာ |
| ၂၈။ | ပန်းခင်တား | ဝေမှူးသွင် |
| ၂၉။ | ခေးရယ် | လူနေ |

### ဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | | |
|---|---|---|
| ၁။ | သာမန်းရဲ့ကျော | ဒေဝလကျော် |
| ၂။ | ရည်းစားရဲ့ရည်းစား | လင်းညို့သွေး |

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# လူငှေ

ခေးရယ်

Eainmakathit

38 (3rd-fl), 153rd Lane. Tamwe Ts. Yangon.

095112428. 551403

www.burmeseclassic.com

ဤဝတ္ထု၌ ပါရှိသော မိန်းမမျိုး သင့်မှာ ရှိပါသလား။

www.burmeseclassic.com



"ဒါ ဘာပုံတွေလဲ"

အိမ်ကိုလာလည်သော တစ်ယောက်က နံရံတွင် ချိတ်ထားသော ပုံသုံးပုံအား ကြည့်ပြီး သူ့ကိုမေး၏။

"ငါ့မိန်းမ ဆွဲထားတဲ့ ပုံသုံးပုံပါ"

"ဪ..."

ထိုလူမှာ ပုံသုံးပုံအား ကော်တော်ကြီး စိတ်ဝင်စား နေပုံရသည်။

ထိုပုံသုံးပုံမှာ နံရံတွင် ဘောင်တစ်ခုစီဖြင့် ချိတ်ဆွဲထားခြင်းဖြစ်သည်။

"ဘာအဓိပ္ပာယ်လဲကွ"

ထိုလူက မေးပြန်သည်။


"ငါ့မိန်းမက ငါ့ကို သတိပေးထားတာ"

"ဘယ်လို"

ဟုပြီးစိတ်ဝင်စားသွားပုံရသည်။

ပုံတွေကိုလည်း သေချာထပ်ကြည့်ပြန်၏။





www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပုံတွေက နိုင်ငံတစ်ခုရဲ့ အအေးကြော်ငြာ တဲ့ပုံပါ၊ အဲဒါကို ငါ့မိန်းမက ပြန်ဆွဲထားတာ" သူက သေချာရှင်းပြလိုက်သည်။

"မင်းကို သတိပေးလေ့ရှိတယ်ဆိုတာကရော" သူက ပုံကိုကြည့်လိုက်ပြီ

"ဒီပုံသုံးပုံမှာ ထူးခြား ဟာ ဘာမြင်မိလဲ" ထိုလူက ပုံကို သေချာပြန်ကြည့်ပြီး

"ဟင့်အင်း...ဘာမှမတွေ့ဘူး"

"အဲဒီကြော်ငြာရဲ့ ပထမပုံက လူတစ်ယောက် ဟာ သဲကန္တာရထဲမှာ ရေငတ်ပြီး ရေဆာနေတဲ့ပုံ"

"အင်း..."

"နောက်တစ်ပုံက အအေးပုလင်းကို တွေ့သွားပြီး သောက်နေတဲ့ပုံ"

"ဟုတ်တယ်"

"နောက်ဆုံးပုံကတော့ အအေးသောက်ပြီးလို့ ရေငတ်ပြေသွားပြီး ဝမ်းသာအားရဖြစ်နေတဲ့ပုံ"

"အေး...မိုက်တယ်နော်"

ထိုလူမှာ သဘောကျနေသည်။

"ကြော်ငြာရှင် ဆိုလိုတာက သူ့အအေးသောက်



BURMESE CLASSIC .com



လို့ ဝမ်းသာအားရဖြစ်ပြီး ရေငတ်ပြေသွားတယ်ပေါ့ ကွာ"

"အေး ဟုတ်တယ်"


"ဒါပေမဲ့ အဲဒီပုံသုံးပုံကို နောက်ကနေ ပြန်စီမယ် ဆိုရင် အဓိပ္ပာယ်တစ်မျိုး ပြန်ထွက်တယ်၊ ဒီလိုကွ" ဟု ပြောလိုက်ပြီး ပုံသုံးပုံအား ရှေ့နောက်ချိန်းလိုက်၏။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com





သူ အံ့သြသွားပုံရသည်။

အခ်ိပ္ပာယ်ကို သေသေချာချာ မသိသော်လည်း ရင်ထဲမှာတော့ တစ်စုံတစ်ခု ခံစားလိုက်ရမှန်း သိသည်။

"အဓိပ္ပာယ် ပြောင်းသွားတာကို တွေ့လား"

"သိတော့ သိသလိုပဲ၊ ဒါပေမဲ့ သေချာမသိဘူး"

"ကြော်ငြာရဲ့ ဆိုလိုရင်းကို ပြောင်းပြန်ဖြစ်သွားတာကွ"

"ဘယ်လိုလဲ"

"ပုံ(၁)အရ ဆိုရင် ပထမတော့ အဲဒီလူဟာ ပျော်နေတယ်၊ နောက်ပြီး ကြော်ငြာတဲ့ အအေးကို သောက်မိတယ်၊ အဲဒီမှာပဲ နောက်ဆုံး သူ့အအေးကို သောက်မိမှ သဲကန္တာရထဲ ရေငတ်သလို ဖြစ်သွားတယ်ဆိုပြီး အဓိပ္ပာယ်ထွက်သွားတယ်"

ထိုလူက ပုံကိုထပ်ကြည့်လိုက်ပြီး

"အေးနော်...အဓိပ္ပာယ်ပြောင်းသွားတယ်"

ဟု ပြောလေ၏။

"ငါ့ကို ငါ့မိန်းမကပြောတယ် ကိစ္စတစ်ခုကို တစ်ဖက်တည်း မတွေးပါနဲ့၊ နှစ်ဖက်စလုံးတွေးပါတဲ့၊ အဲဒီအခါမှာ မြင်ရကဲ့ အမြင်တွေဟာ အရမ်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားစရာကောင်းပြီ ပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ်တဲ့"

ထိုစကားပြောပြီး သူ့ခေါင်း ငိုက်စိုက်ကျသွားသည်။

ထိုလူကတော့ သူ့ကို ဟွေဝေငေးမော စိုက်ကြည့်လျက် ရှိနေသည်။

"ဒါဆို မင်းမိန်းမက မင်းကို တော်တော်ချစ်မှာပဲ"

သူ စကားဖြင့် ပြန်မဖြေဘဲ ခေါင်းညိတ်ပြလိုက်သည်။

"အခု မင်းမိန်းမရော"





သူမသည်

လွန်စွာစနစ်ကျ၍

သူ့ယောကျာ်းအား ထူးဆန်းအံ့ဩမှုတွေ ပေးနိုင်စွမ်းရှိသော မိန်းမတစ်ဦး ဖြစ်ပါသည်။

သူမ သေဆုံးသွားပြီးနောက် တစ်နှစ်အတွင်း

သူ့ယောကျာ်းအား ထူးဆန်းမှုလေးတစ်ခု ထားခဲ့ရာမှ စိတ်ဝင်စားဖွယ် အကြောင်းအရာတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

ငိုသံများ...။

ကြေးစည်ထုသံ...။

အသံများစွာတို့က သူ့နှလုံးသားကို မခံမရပ်နိုင်အောင် ပြုလုပ်နေကြသည်။

"နှယ်"

ရင်ထဲက ခေါ်သံနှင့်အတူ မျက်ဝန်းမှ မျက်ရည်တို့ စီးကျလာ၏။

လှပသော မျက်ဝန်း...။

နူးညံ့သော ပြောဆိုမှုနှင့်အတူ...။

စင်ပေါ်မှာ လဲလျောင်းနေတဲ့ ခန္ဓာကိုယ်နဲ့ နင် ငါ့ကို ထားခဲ့ပြီလား...။

သူ နှယ့်အေးနားတွင် ဒူးထောက်ထိုင်ချလိုက်သည်။

"နှယ်မရှိတဲ့အချိန်ကျရင် မောင် မငိုရဘူးနော်"





အသံတို့ ကြားယောင်လာသည်။

ငါ မငိုပါဘူး၊ ငါ နင့်အတွက် မျက်ရည်ပဲကျမိတာပါ။

သူ့ပခုံးအပေါ်သို့ လက်တစ်စုံကျလာသည်။

နွေးထွေးမှုကြောင့် သူ့သူငယ်ချင်း၏လက်ဟု သိလိုက်သည်။

"မင်းမိန်းမ သွားပါစေတော့ကွာ"

သူငယ်ချင်းက ဒူးထောက်ထိုင်နေသော သူ့ကို ဆွဲထူသည်။

လူတချို့က နှယ်လဲလျောင်းနေသော စင်ကို တွန်းသွားကြ၏။ သူ မတားမိတော့...။

သွားပါစေတော့...။

သူ့နှုတ်မှ တိုးတိုးလေးရွတ်လိုက်မိသည်။

"နှယ်"

သူမ မကြားနိုင်တော့...။

မျက်လုံးလေး မှိတ်ကာ လူအချို့ ခေါ်ဆောင်ရာနောက်သို့ ပါသွား၏။

"ဂျိန်း"

တံခါးပိတ်သံ ကြားလိုက်ရသည်။

ထို့နောက် မီးခိုးအချို့သည် ခေါင်းတိုင်မှ ထွက်သွားကြ၏။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

အိမ်ပြန်ရောက်သောအခါတွင် သူမ၏ အမှတ်တရအချို့က သူ့ကို ဆီးကြိုနေသည်။ မှန်တင်ခုံ...။ အဝတ်အစား...။ ဖိနပ်...။

အရာရာ အားလုံးသည် သူမ အသက်ရှင် ကျန်နေသေးလား ဟုပင် ထင်မှတ်ရသည်။

"ဒီည ငါတို့အိမ်မှာ လိုက်အိပ်ပါလား"

သူ ခေါင်းခါလိုက်သည်။ သူငယ်ချင်း၏အပြောကို...

"ဒီမှာပဲငါနေခဲ့ပါမယ်"

သူငယ်ချင်းက သူ့ကိုကြည့်ပြီး ဘာမှမပြောတော့။ အခု အချိန်မှာ သူ့စိတ်ကို အလိုလိုက်ထားခြင်းဟာ အကောင်းဆုံး ဖြစ်မည်ဟု တွေးထားဟန်တူသည်။





"ဒါဆိုလည်း မင်းသဘောပါပဲ"

သူ ခေါင်းညိတ်ပြလိုက်သည်။

ခဏကြာသောအခါတွင် ကားစက်နှိုးသံများ ကြားလိုက် ရ၏။

သူတစ်ယောက်တည်း ဒီအိမ်မှာ ရှိနေသည်ဟူသော အထီး ကျန်စိတ်က ရင်ထဲလှိုက်တက်လာသည်။

အရင်တုန်းက သူရယ်၊ သူ့မိန်းမ နွယ်ရယ်...။

အခုရော...။

အခု သူတစ်ယောက်တည်း...။

သူ့ခြေလှမ်းများက ဘယ်လိုဖြစ်၍ အိပ်ခန်းထဲ ရောက်လာ သည်မသိ။

သူ ရပ်လိုက်တော့မှ ခုတင်ရှေ့ကို ငါရောက်နေပါလားဟု သိသားမိသည်။ ဒီခုတင်ပေါ်မှာ သူတစ်ယောက်တည်း အိပ်ရ တော့မည်။

အရင်တုန်းကနဲ့ အခု...။

မတ်တတ်ရပ်နေရာမှ နောက်ပြန်လှည့်ပြီး ခုတင်ပေါ်သို့ ဇက်လက်ကြီး လှဲချလိုက်သည်။

"ဟူး"

နူးညံ့သောအိပ်ရာ၏ အထိအတွေ့ကြောင့် အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းသွားသည်။

သို့သော် စိတ်တွေကတော့ မတည်ငြိမ်သေးချေ...။

ထို့ကြောင့် ပက်လက်အနေအထား ဖြင့်ပင် ခုတင်ပေါ်၌ လှဲနေမိ၏။ မျက်လုံးကတော့ ဖွင့်လျက်သားပင်...။

ငါးမိနစ်ခန့် ငြိမ်သက်စွာနေပြီးသောအခါ မျက်လုံးတည့်တည့်တွင်ရှိသော မျက်နှာကြက်ပေါ်ရှိ တစ်စုံတစ်ခုအား သတိထားမိလိုက်သည်။

အရင်တုန်းက ဒီခုတင်ပေါ်မှာ ဒီလိုအိပ်ဖူးသော်လည်း ယခုကဲ့သို့ မျက်နှာကြက်ကို သေသေချာချာ မကြည့်ဖြစ်။

အခု ဝမ်းနည်းနေ၍ မျက်နှာကြက်ကို စိုက်ကြည့်နေရာမှ ထိုအရာကို သတိထားမိခြင်း ဖြစ်သည်။

"ဘာလေးပါလိမ့်"

ဟူသော သိချင်စိတ်နှင့်အတူ ခုတင်ပေါ်မှ လူးလဲကာ ထလိုက်၏။

ထို့နောက် အိမ်တွင်းသုံး လှေကားတစ်ခုယူကာ မျက်နှာကြက်ပေါ်မှ အရာအား စမ်းလိုက်သည်။

စာတစ်စောင်အား သေသေသပ်သပ်ခေါက်ကာ မျက်နှာကြက်၌ တိပ်နှင့်ကပ်ထားခြင်းဖြစ်သည်။

စာအား အလျင်အမြန်ဖွင့်ဖောက်လိုက်သည်။





"ဟင်..."

အံ့သြသွားသည်။ သူ့မိန်းမနွယ်က သူ့ကို ရေးထားသောစာဖြစ်နေသောကြောင့်ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

မောင်ရေ...

ဒီအချိန်မှာ မောင်စိတ်ညစ်နေလိမ့်မယ်၊ အထီးကျန်နေလိမ့်မယ်လို့ နွယ်ထင်မိပါတယ်။

ဘာကြောင့်လဲဆို မောင်က စိတ်ညစ်လာရင် ခုတင်ပေါ်မှာ ပက်လက်ကြီးလှဲတတ်ပြီး ဘာကိုမှ စိတ်မဝင်စားသလို ငိုင်ပြီး ရှိနေတတ်တာကိုး...။

မောင် ဒီစာကို ဖတ်ရတဲ့နေ့ဟာ နွယ် ကွယ်လွန်ပြီး တစ်ရက် နှစ်ရက်အတွင်း ဖြစ်ချင် ဖြစ်နိုင်သလို နွယ့်ရဲ့ရုပ်ခန္ဓာကို မောင့်ဆီက အပြီးအပိုင် ခွဲခွာလွှတ်လိုက်ရတဲ့နေ့ ဖြစ်ချင်လည်း ဖြစ်မှာပါ။

မငိုပါနဲ့မောင်...။





မောင်နဲ့ နွယ်ဟာ နှစ်အတော်အတန်ကြာ နေခဲ့ကြပြီးပြီပဲ။ တစ်နေ့ ဒီလိုလမ်းခွဲရလိမ့်မယ်ဆိုတာ အစောကြီးကတည်းက သိပြီးထားကြတဲ့ လူတွေဖြစ်တဲ့အတွက် မောင် ခံနိုင်ရည်ရှိမှာပါ။

မောင်ရေ...ပျော်ရွှင်အောင်နေပါ။

နွယ် ထင်ပါတယ်၊ မောင်ဟာ ရှေ့ဆက်ပြီး ပျော်စရာတွေ တွေ့ရမှာပါ။ ဪ...ပြောရဦးမယ်၊ မောင် ဒီလိုစိတ်ညစ်နေပြီး မပျော်မရွှင် ဖြစ်နေရင် နွယ်က ဘာလုပ်ပေးလဲ မောင် မှတ်မိလား။

မောင် မှတ်မိမှာပါ။ နွယ်က မောင့်ကို သံပရာရည်ချဉ်ချဉ်လေး ဖျော်တိုက်တာလေ။

ကဲ...အခု မောင့်ကို သံပရာရည်လေး ဖျော်တိုက်မယ်၊ မောင်သောက်မယ်မဟုတ်လား။

(ဝမ်းနည်းမှု၊ ကြည်နူးမှုတို့နှင့်အတူ စာဖတ်နေရင်းမှ နွယ့်ကို ခေါင်းညိတ်ပြလိုက်မိသည်။ သူ သံပရာရည် သောက်မယ်ပေါ့။ နွယ် သူ ခေါင်းညိတ်တာကို မြင်မှာပါ။ ထို့နောက် စာအား ဆက်ဖတ်လိုက်၏။)

နွယ်က အခုအချိန်မှာ ဘာမှ မလုပ်နိုင်တဲ့ အခြေအနေ ဆိုတော့ နွယ့်ကို တစ်ခု ကူညီပါလား။

(သူ ခေါင်းညိတ်လိုက်မိပြန်သည်။)



www.burmeseclassic.com

www.burmeseclassic.com



ကဲ…ဒါဆို အခု အခန်းထဲက ထွက်ပြီး ရေခဲသေတ္တာဆီကို သွား။ ပြီးရင် ရေခဲသေတ္တာရဲ့ အောက်ဆုံး အသီးအရွက်ထားတဲ့ နေရာမှာ သံပရာသီး သုံးလေးလုံး တွေ့လိမ့်မယ်။ နှစ်လုံးလောက် ယူပြီး ထက်ခြမ်းလှီးလိုက်လေ…နော်။ အဲဒါ အရင်လုပ်လိုက်။

(သူသည် နွယ်၏စာကို ကိုင်ပြီး အပြင်ထွက်လိုက်၏။ ထို့နောက် ရေခဲသေတ္တာနားသို့ သွားကာ ထိုအထဲမှ သံပရာသီး နှစ်လုံး ယူကာ လှီးလိုက်၏။ မျက်ဝန်းမှ မျက်ရည်များလည်း စီးကျလာပြန်သည်။)

မောင် သံပရာသီး လှီးပြီးသွားရင် ဖန်ခွက်ထဲကို အရည်ညှစ် ထည့်လိုက်၊ သေချာညှစ်ဦးနော်၊ မျက်လုံးထဲစဉ်သွားဦးမယ်။

(သူသည် စာထဲမှာ ရေးထားသည့်အတိုင်း အပြင်မှာ လိုက် လုပ်နေမိသည်။ နောက်ဆုံးတွင် သောက်သုံးရန် အသင့်ဖြစ်နေ သော သံပရာရည်တစ်ခွက် ရလိုက်၏။ အရင်က သူ့မိန်းမ နွယ်က ဖျော်တိုက်ခဲ့၏။ မည်သည့်ဆိုင်ကမှ သူမ၏သံပရာရည် လောက် မကောင်းခဲ့ပါ။ အခုရော…။ ဖျော်ပြီးသား သံပရာရည် ကို အနည်းငယ်မြည်းလိုက်သည်။

မဆိုးပေ့…။ နွယ်ဖျော်တာလောက် မကောင်းပေမယ့် သူမ၏ အငွေ့အသက်တွေ ပါနေသောကြောင့် ကောင်းသည်ဟု ထင်ရ၏။ စာအား ဆုံးအောင်ထပ်ဖတ်လိုက်သည်။)





သံပရာရည်ဖျော်ပြီးသွားရင် အိမ်ထဲက ဒရင်းဘက်ယူပြီး ဝရန်တာကို ထွက်လိုက်။ ပြီးရင် ခဏမှေးနေလိုက်ပါလား မောင်…။

မောင်ပဲပြောခဲ့တယ်လေ…၊ နွယ်တို့အခန်း ဝရန်တာက ကြည့်ရင် မြင်ရတဲ့ ရှုခင်းက အရမ်းလှတာပဲဆို…။

ဒါဆို သံပရာရည်တစ်ခွက်နဲ့ အနားယူလိုက်ပါလား…။

နောက်များမှပဲ တွေ့မယ်မောင်…။

ချစ်ဇနီး

နွယ်

စာတွင် တပ်ထားသည့်ရက်စွဲမှာ သူမ မဆုံးခင် တစ်လ အလိုတွင် ဖြစ်ပါသည်။ ထို့နောက် ဒရင်းဘတ်ယူကာ ဝရန်တာ သို့ ထွက်လာခဲ့လိုက်သည်။ အပြင်တွင် လေတဖြူးဖြူးတိုက် နေ၏။

လန်းဆန်းသွားသည်။ အေးမြသွားသည်။ အရင်က မြင်ဖူး နေကျ မြင်ကွင်းဖြစ်သော်လည်း ဒီနေ့မှ မြင်ရသလို မြင်ကွင်း အချို့က အသစ်အဆန်းဖြစ်နေသည်။

သူ ဒရင်းဘတ်ပေါ်၌ လှဲချလိုက်၏။ သံပရာရည်အား တစ်ငုံ နှစ်ငုံ သောက်ပြီးသောအခါတွင် ဘေးနားက ခုံပေါ်တွင် တင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ဒရင်းဘတ်ပေါ်တွင် ငြိမ်ငြိမ်လေး နေလိုက်သည်။

စာကို မတွေ့ဘဲ အခန်းထဲတွင် လှဲနေဦးမည် ဆိုပါက မွန်းကျပ်မှုတွေ ရှိနေဦးမည် ဖြစ်သည်။ အခုတော့…

နွယ့်ကို ကျေးဇူးတင်မိသည်။

နွယ်သည် စနစ်တကျ လုပ်တတ်သောအကျင့်ရှိသူလည်း ဖြစ်ပါသည်။

စဉ်းစားရင်း စဉ်းစားရင်းနှင့်ပင် သူမ စနစ်တကျ စီစဉ်တတ်သော အကြောင်းတို့က ရေးရေးလေးပေါ်လာ၏။ (သူနဲ့ နွယ်တို့ မကြိုက်ခင်တုန်းကပေါ့…။)

■





[ ၄ ]

တီတူး ဒီနေ့ ကျောင်းကို နောက်ကျမှ ရောက်လာသည်။ အိမ်မှာ အလုပ်နည်းနည်းရှုပ်နေ၍ဖြစ်သည်။

ကျောင်းရောက်တော့ ဟိုအခန်းဝင် ဒီအခန်းဝင်နှင့် သူ့အခန်းကို မရောက်သေးဘဲ ရှိနေသည်။

တီတူးကို ကျောင်းမှာ သိတဲ့လူတွေကလည်း များတော့ ဝိုင်းနှုတ်ဆက်ရင်းနဲ့ လေကြောရှည်နေရသည်။

သူကလည်း ကျောင်းရောက်တိုင်း သူ့အခန်းကို တိုက်ရိုက်မသွားဘဲ ဟိုလူနဲ့ စကားပြောလိုက်၊ ဒီလူနဲ့ စကားပြောလိုက်နှင့် တစ်ခန်းခန်းမှာ ထိုင်နေမိလေ့ရှိသည်။

"ထမင်းစားသွားပါဦးလား"

အတန်းထဲမှ ကျောင်းသားတစ်ယောက်က တီတူးကို ထမင်းစားဖိတ်၏။

"ရတယ်…မစားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ငြင်းလိုက်ရသည်။

ခေါက်ဆွဲလူကလည်း တီတူး မစားဘူးထင်၍ ခေါ်ပုံရသည်။

"ဩော်...ဟုတ်ကဲ့"

ဟုဆိုပြီး ထပ်မခေါ်တော့ချေ...။

ဤသို့ဖြင့် ဆက်လျှောက်လာခဲ့ရာ နောက်တစ်ခန်း ရောက်ပြန်၏။ ထိုအခန်းထဲတွင်လည်း ထမင်းစားနေသော အဖွဲ့တစ်ဖွဲ့အား တွေ့လိုက်ရပြန်၏။

ဘယ်ရမလဲ...။ တီတူးပဲဟာ...။

သူတို့မကျွေးခင် ကိုယ့်ကိုယ်ကိုယ် အရင်ကျွေးလိုက်သည်။

"စားပါဦးလား...တီတူး"

ထမင်းစားနေသော တစ်ဖွဲ့လုံးမှာ နှုတ်များဆွံ့အသွားသည်။

"တီတူးကတော့ နောက်ပြန်ပြီ"

ဟုဆိုကာ ထမင်းဆက်စားကြ၏။

"ကိုတီတူးကြီး ထမင်းစားသွားပါဦးလား"

အခန်းတစ်ခုရှေ့ရောက်တော့ ထမင်းစားနေသော ကောင်လေးတစ်ယောက်က လှမ်းပြောပြန်သည်။ ဘယ့်နှယ်...။ ဒီနေ့မှ သူ့ကို ထမင်းဝိုင်းကျွေးနေကြပါလိမ့်။ ထိုလူကို ကြည့်လိုက်တော့ သူနဲ့သိ၏။ အသက်တော့ သူ့ထက်ငယ်သည်။

ဝတ္တရားအရသာ ခေါ်နှုတ်ဆက်ပုံရသည်။





သူလည်း အမြင်ကတ်ကတ်ဖြင့်...

"အေးဗျာ...စားမယ်"

ဟုဆိုပြီး သူ့ရှေ့တွင် ဝင်ထိုင်လိုက်သည်။

ထမင်းခေါ်ကျွေးသောသူမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ တီတူး တကယ်မစားဘူးထင်၍ ခေါ်လိုက်ခြင်းလည်း ဖြစ်ပုံရသည်။

သို့သော် တီတူးက တကယ်စားမယ်ဆိုတော့လည်း ကျွေးရတော့မယ်ဟု ဆုံးဖြတ်ချက်ချကာ...

"ကိုတီတူး စားလေ"

ဟုဆိုပြီး သူ့ချိုင့်လေးအား ထိုးပေး၏။

အီလည်လည်လည်း ဖြစ်နေပုံရသည်။ ဘယ်လိုတီတူးလဲဟ ဆိုပြီးတော့ပေါ့။ တီတူးကလည်း ခပ်တည်တည်ပါပဲ။ ချိုင့်ထဲမှ ထမင်းတစ်လုတ ... လိုက်၏။ ပြီးနောက်...

"...မင်းလည်းစားဦး"

ဟု ပြန်...ပေး၏။

ထမင်းချိုင့်ပိုင်ရှင်မှာလည်း

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ဟုဆိုကာ ထမင်းတစ်လုတ်စား၏။ ထို့နောက်...

"ကိုတီတူးလည်း စားဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ တစ်ခုတည်းသော ချိုင့်အား တီတူးဘက် ပြန်ထိုးပေးပြန်၏။ ဟင်းကတော့ ငါးဟင်းဖြစ်သည်။ ဘာငါးမှန်းတော့ တီတူး မသိ...။

တီတူးက စားလိုက်၊ ထမင်းချိုင့်ပိုင်ရှင်ကို ပြန်ထိုးလိုက်။ ထမင်းချိုင့်ပိုင်ရှင်ကလည်း သူတစ်လှည့်စားလိုက်၊ တီတူးကို ချိုင့်လေးပြန်ထိုးပေးလိုက်နှင့် ရှုပ်နေတော့သည်။

အားလုံးကတော့ သူတို့ကိုကြည့်ပြီး ဝိုင်းရယ်နေကြ၏။

ထမင်းချိုင့်ပိုင်ရှင်ကတော့ ရှက်လို့ မျက်နှာကြီးရဲနေသည်။ တီတူးကတော့ အေးဆေးပဲ...။ သူက စားပါဦးပြောလို့ ဝင်စားတာ ဆိုတဲ့ စတိုင်ဖြင့်...။

အားလုံးကတော့ တီတူးအကြောင်းကို သိနေ၍ ဘာမှတော့ မပြောကြ။ ထမင်းချိုင့်ပိုင်ရှင်မှာသာ နောက်တစ်ခါ တီတူးကို 'ထမင်းစားပါဦးလား'ဟု မခေါ်ရန် သတိထားရမည်ဟု စိတ်ထဲတွင် တွေးနေပုံရသည်။

ထိုစဉ် သူတို့ ထမင်းစားနေသည့် နောက်အတန်းမှ ကောင်မလေး နှစ်ယောက်၏ စကားပြောသံကို ကြားလိုက်ရသည်။

တီတူးလည်း ဘာရယ်မဟုတ်ဘဲ ချိုင့် သူ့ဆီမှာမရှိတုန်း အချိန်တွင် သူမတို့နှစ်ယောက် စကားကို နားထောင်မိသည်။

■





[ ၅ ]

"မနေ့က ငါ့ကို ကောင်လေးတစ်ယောက်က ရည်းစားစကား လိုက်ပြောတယ်"

အသံချွဲချွဲပျစ်ပျစ်နှင့် ကောင်မလေးတစ်ယောက်က ပြောသည်။

သူလည်း ထိုကောင်မလေးကို စိတ်ထဲမှ 'ပျစ်ပျစ်'ဟု နာမည်ပေးထားလိုက်သည်။

"အဲဒါများ အဆန်းလုပ်လို့၊ နင်က လှတဲ့ မိန်းကလေးပဲ၊ လိုက်ပြောခံရမှာပေါ့"

ပျစ်ပျစ်၏သူငယ်ချင်းဖြစ်ပုံရသော နောက်တစ်ယောက်က ဝင်ငေါ့သည်။

ဒါနဲ့ သူလည်း ပျစ်ပျစ်သူငယ်ချင်းကို 'မငေါ့'ဟု နာမည်ပေးလိုက်၏။

"ဟဲ့...ငါက တယုတယနဲ့ ငါ့ကိုယ်ငါ ဂုဏ်တင်ပြီးပြောတာ မဟုတ်ဘူး၊ အဲဒီနေ့က သူက သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သူ ဂုဏ်ဖော်နေလို့ လုပ်ထည့်လိုက်တယ်”

“ဟယ်…ဘယ်လို…”

“နင်ကလည်း အဲဒီလောက်ကြီး ဖြစ်မသွားပါနဲ့၊ နည်းနည်းပါးပါး ပညာစမ်းလိုက်တာပါ”

‘ကိစ္စရှိတယ်’ဆိုတော့လည်း တီတူးက ချိုင့်အား ထိုးပေးရင်း ဆက်နှားထောင်နေလိုက်သည်။ ထမင်းကတော့ ကုန်ခါနီးပြီ ဖြစ်သည်။

“ဘယ်လိုစမ်းတာလဲ”

“သူက ငါ့ကို စဝင်ရောရော…”

“အင်း…”

“ပထမတော့ သူက သူ့ကိုယ်သူ မိတ်ဆက်တာ အေးဆေးပါပဲ”

“နောက်တော့ ဘာဖြစ်လဲ”

“နောက်တော့ သူ့အဖေက ဘယ်လောက် ချမ်းသာကြောင်း၊ ဘယ်အလုပ်တွေ လုပ်ကြောင်း ငါ့လာပြောရော”

“အင်း…အဲ့ဒါနဲ့…”

တီတူးကိုစားနေသော ထမင်းမှာ ကုန်သွားပြီဖြစ်သည်။ သူတို့မှာတော့ စကားမကုန်သေး…။





တီတူးလည်း စားပြီးပြီးချင်း ထသွား၍ မသင့်တော်တာ ကြောင့် ထမင်းချိုင့်ပိုင်ရှင်အားမှ စာအုပ်များကို ဟိုကိုင်ဒီကိုင် လုပ်ရင်း သူမတို့၏ မကုန်နိုင်သော စကားကို ဆက်နားထောင် နေလိုက်သည်။

“ငါလည်း ရှင့်အဖေက ဘာလုပ်ငန်းလုပ်လဲလို့ မေးလိုက်တယ်”

“ဘာလုပ်ငန်းတဲ့လဲ”

“ငါးလုပ်ငန်း လုပ်ပါတယ်တဲ့၊ ဒါနဲ့ ငါလည်း မေးလိုက်တယ်”

“ဘာမေးလိုက်တာလဲ”

“ဒါဆို ရှင်က ငါးအကြောင်းတွေ တော်တော် သိမှာပေါ့လို့”

“အဲဒီတော့…”

“အဲဒီတော့ သူက အမြင့်ကတ်လောက်အောင် ‘ဟာ…သိတာပေါ့၊ ဘယ်လိုသိကြောင်း၊ ဘာကြောင့် ပေါ့’ဆိုပြီးပြောတော့ ငါလည်း အမြင်ကတ်လာပြီး ‘ရှင် ကျွန်မကို တကယ်ချစ်တာလား’လို့ မေးလိုက် တယ်”

“ဟယ်…ဘယ်လို၊ နင်က…”



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်... သူက ထုံးစံအတိုင်း ပြောတာပဲ၊ 'သိပ်ချစ်၊ အရမ်းချစ်ပေါ့'တဲ့"

"နင်ကတော့ လုပ်တယ်နော်"

"ငါက သူ့ကိုပြောလိုက်တယ်၊ ရှင် ကျွန်မကို ချစ်ရင် ရှင့်အဖေ ငါးကန်တွေထဲက **'မြန်မာဖိုက်တင် ဗွီဒီယိုဇာတ်လမ်း ငါးတွေကို ယူလာခဲ့'**လို့ ပြောလိုက်တယ်"

"ဘယ်လို..."

တီတူ လည်း သူစားနေသော ငါးပင် နင်သွားသည်။ ဘာလဲဟ မြန်မာဖိုက်တင် ငါးတွေ၊ ကြားဖူးပါဘူးဟုလည်း တွေးနေသည်။ သိပ်ကြာကြာမတွေးလိုက်ရ...။

ဆရာမ ဝင်လာသောကြောင့်ဖြစ်သည်။

ထို့ကြောင့် တီတူးလည်း ခပ်ကြာကြာမနေတော့ဘဲ အခန်းထဲမှ ထွက်လာကာ ကိုယ့်အတန်း ရှိရာသို့ သွားလိုက်၏။

နောက်တစ်နေ့မှ ထိုကောင်မလေးကို 'အဲ့ဒီငါးတွေက ဘာငါးတွေလဲ'ဟု မေးပြီး ဝယ်စားဦးမယ်ဟု တေးထားလိုက်သည်။ ပြောမယ်သာ ပြောရတာ...။ ထိုကောင်မလေး၏ မျက်နှာကိုပင် သူ မမြင်ဖူးလိုက်ချေ...။

■





[ ၆ ]

ကင်တင်းတွင် သူတစ်ယောက်တည်း တိတ်တိတ်လေး လာကျိုတ်သည့်နေ့ ဖြစ်သည်။ တိတ်တိတ်လေး လာကျိုတ်နေသည် ဆိုတာကလည်း သူတွဲနေသည့် သူငယ်ချင်းနှစ်ယောက်ကို မတွေ့၍ တစ်ယောက်တည်း လာစားနေရခြင်းဖြစ်သည်။

တစ်ယောက်တည်း စား၍လားမသိ မြိန်၏။ မနက်က ဘာမှမစားသေး၍လည်း ဖြစ်ကောင်းဖြစ်နိုင်သည်ဟု တီတူး ထင်လိုက်သည်။

"ဆက်ပြောရဦးမယ်"

"ပြောလေ...နားထောင်နေမှာပေါ့"

တီတူး စားနေရင်းမှ တစ်ဖက်ဝိုင်းမှ အသံကို မှတ်မိသွားသည်။ ဒါ ဖိုက်တင်ငါး အသံပဲ...။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သူကဟယ်၊ နားမလည်ပါဘူး၊ အဲဒီငါးအမျိုးအစားဟာ မရှိပါဘူးဆိုပြီး ငါ့ကို ပြန်ပြောရော"

"ဟင်း…သူကလည်း ငါးလုပ်ငန်း လုပ်နေပြီးတော့"

တိုက်တိုက်ဆိုင်ဆိုင်ပင် သူရှိသည့် ကင်တင်းမှာ ထိုဖိုက်တင်ငါးအကြောင်း အဆက်ကို လာပြောနေကြသည်။ သူ ကျောင်းသားသော စားပွဲတွင် ထိုဖိုက်တင်ငါးအဖွဲ့က ထိုင်နေကြခြင်းဖြစ်သည်။

သူလည်း ဟိုတစ်နေ့ကအကြောင်းအရာ အဆက်ကို ထမင်းခါးလိုက်၊ နားထောင်လိုက် လုပ်နေလိုက်သည်။

"ဒါနဲ့ ငါက ပြောလိုက်တယ်"

"ဘာပြောလိုက်တာလဲ"

"မြန်မာဖိုက်တင်ဗွီဒီယိုဇာတ်လမ်း ငါးအကြောင်းကို သိချင်လို့လားလို့ မေးလိုက်တာပေါ့"

"သူက ဘာပြန်ပြောလဲ"

"သိချင်တယ်တဲ့၊ ငါကလည်း 'သိချင်ရင် ပြောပြမယ်' ဒါပေမဲ့ ငါ့နောက် ဆက်မလိုက်နဲ့တော့လို့ ပြောလိုက်တယ်"





"အဲ…"

"အဲဒီတော့ သူက နည်းနည်းစဉ်းစားသွားတယ်၊ ငါပြောတဲ့ မြန်မာဖိုက်တင် ဇာတ်လမ်းငါးကိုလည်း သူသိပ်သိချင်၊ ငါ့နောက်ကိုလည်း ဆက်လိုက်ချင်နဲ့ ဒွိဟဖြစ်သွားတယ်ဟာ၊ တော်တော်လေး စဉ်းစားနေသေးတယ်"

ဟီတူး ထိုကောင်မလေး၏ အိုင်ဒီယာကို သဘောကျသွားသည်။

ဒါနဲ့ ဆက်နားထောင်နေလိုက်သည်။

"အဲဒီတော့ သူက ဘယ်လိုဆုံးဖြတ်လဲ"

"သူ အချိန်နည်းနည်းယူပြီး စဉ်းစားဦးမယ်တဲ့၊ အကယ်၍များ သူ့ဘာသူ စဉ်းစားပြီး အဲဒီငါးတွေ ရလာခဲ့ရင် သူ ငါ့ကို ဆက်လိုက်လို့ရဦးမလားလို့ မေးတယ်၊ ငါကလည်း 'ရတယ်၊ စဉ်းစားလို့ရရင် ကျွန်မကို ဆက်လိုက်ခွင့်ရှိတယ်'ဆိုပြီး ငါကလည်း စိန်ခေါ်လိုက်တယ်"

"ဟာ…နင်လုပ်လိုက်တာ မိုက်တယ်"

"သူလည်း ငါ့ကို နောက်နှစ်ရက်နေရင် လာတွေ့မယ်ဆိုပြီး ပြန်သွားရော"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပိုင်း ဘာဆက်ဖြစ်ကြလဲ"

တီတူး ရေနွေးငှဲ့လိုက်သည်။ နောက်က ဇာတ်လမ်းကလည်း အရှိန်တက်လာပြီဖြစ်သောကြောင့် ရေနွေးကို မျှင်းမျှင်းလေး သောက်ရင်း ဆက်နားထောင်နေလိုက်သည်။

သို့သော် နောက်ထပ် ဘာသံမှ ထပ်မထွက်လာတော့…။

အကြောင်းတစ်ခုခုရှိလို့ပဲဟု ထင်မိကာ နားထောင်နေမိ သည်။ အတန်ကြာသည့်အထိ ထိုဝိုင်းမှ ဘာသံမှ ကျ[illegible]…။

ဘာဖြစ်ကာပါလိမ့်…။

ထိုဝိုင်းကို သူက ကျောပေးလျက် အနေအထား ရှိတာ ကြောင့် တီတူး လှည့်ကြည့်လိုက်ရသည်။

စားပွဲဝိုင်းမှာ ဘယ်သူမှ မရှိ…။ ဘယ်ရောက်သွားကြ ပါလိမ့်…။

တီတူး ဇဝေဇဝါဖြစ်သွားသည်။

စောစောတုန်းကရော ရှိရော ရှိနေကြလား…။ အခုတော့ ထိုစားပွဲဝိုင်းတွင် တစ်ယောက်မှ မတွေ့ရတော့ချေ…။ တီတူး အူကြောင်ကြောင်ဖြစ်ပြီး ရေနွေးခွက်ကို မော့ချလိုက်သည်။

■





[ ၇ ]

ထိုညနေက တိုက်တိုက်ဆိုင်ဆိုင်ပဲ တီတူးတို့အိမ်မှာ ငါး ဟင်းချက်သည်။ အိမ်မှာက သူရယ်၊ သူ့သူငယ်ချင်းရယ် နှစ် ယောက်ပဲရှိသည်။

တီတူး၏မိဘများမှာ တီတူး အရွယ်ရောက်သောအခါတွင် ဆုံးပါးသွားကြသည်။

တီတူးက မိဘများထားခဲ့သော ဆိုင်များကို ဦးစီးရင်း ကျောင်းတက်နေခြင်းဖြစ်သည်။ သူငယ်ချင်းကတော့ နယ်မှ ကျောင်းတက်သူဖြစ်တာကြောင့် သူ့အိမ်မှနေ၍ ကျောင်းတက်နေ ခြင်းဖြစ်သည်။

တီတူးက ငါးဟင်းတစ်တုံးအား လှမ်းခပ်လိုက်ရင်…

"မင်းကို တစ်ခုမေးရဦးမယ်"

ငါးဟင်းစားရင်းနဲ့ ဟိုကောင်မလေးကို သတိရသွားသော ကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဪ...ဘာရယ်မဟုတ်ပါဘူး၊ မြန်မာဖိုက်တင်ဗွီဒီယိုဇာတ်လမ်းငါးတွေကို မင်းများ သိမလားလို့"

သူငယ်ချင်းက သူ့ကို အူကြောင်ကြောင်နှင့် လှမ်းကြည့်သည်။

ဘာကြောင့်တာလဲပေါ့...။ သူကလည်း မေးမယ့်သာ မေးလိုက်ရသည်၊ အူကြောင်ကြောင်နိုင်မှန်း သိသော်လည်း သိများသိမလားဆိုပြီး မေးလိုက်ခြင်းဖြစ်သည်။

ထိုပုံစံအတိုင်းဆိုရင်တော့ သူ့သူငယ်ချင်းလည်း ဘာမှသိမှာမဟုတ်။ ထမင်းသာ ခေါင်းငုံ့ပြီး ဆက်စားနေလိုက်သည်။

"မင်းကို ဘယ်သူက အဲဒီငါး ရှိတယ်လို့ ပြောလိုက်လို့လဲ"

"သူငယ်ချင်းတစ်ယောက်ကပါကွာ...၊ သူတို့နောက်လိုက်တာ၊ တကယ်မဟုတ်ပါဘူး"

ဟု ရောချလိုက်ရသည်။

ထမင်းသာဆက်စားနေရသော်လည်း ထိုကောင်မလေး၏စကားတို့က နောက်တာမဟုတ်ဘူးဟု ယုံကြည်နေသည်။

ဘာကြောင့်မှန်း သူမသိ...။ သူ့ကို နောက်တယ်ဆိုရအောင်လည်း သူနဲ့ အဲဒီကောင်မလေးက မသိ...။





သို့သော် အဖြေတစ်ခုတော့ ရှိမည်။

သူရော သူ့နည်းသူ့ဟန်နဲ့ မသိရဘူးလားဟု တီတူး တွေးမိသည်။

ထို့နောက် ထိုအဖြေကို ရှာရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ညဘက်တွင် မြန်မာဖိုက်တင်ဇာတ်ကားများအား သွားငှားကာ တစ်ညလုံး ထိုင်ကြည့်နေလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

နောက်တစ်နေ့တွင် ကျောင်းကို မျက်တွင်းချိုင့်ချိုင့်ဖြင့် ဂရန်းသုန်းကား ထသွားလိုက်သည်။

ကျောင်းသွားတဲ့လမ်းတစ်လျှောက်မှာ တီတူး မြူးနေမိသည်။ ဘာဖြစ်တာလဲ...။ သူမသိ...။ သို့သော် ညက ဗွီဒီယိုတွေထဲက သူ တစ်ခုခုသိလိုက်သလို ရှိသွားသည်။

လမ်းရောက်မှ သူစဉ်းစားမိသည်။ ဒီကိစ္စကို သူသိသွားတော့ရော ဘာအကျိုးရှိမှာလဲ...။ ဘာလုပ်ရမှာလဲ...။

သေချာတာတစ်ခုကတော့ ထိုကောင်မလေးသည် သူ့စိတ်ထဲသို့ စိတ်ဝင်စားစရာအကြောင်းအရာတစ်ခု ထည့်ပေးသွားသည် ဆိုတာကိုပင်...။

ဘာပဲပြောပြော ထိုမြန်မာဖိုက်တင် ကောင်မလေးကို ရှာပြီး 'ဒီလို ဒီလို ငါးတွေ မဟုတ်လား' ဟု ပြောချင်တာ ယားနေသည်။





သူက ထိုကောင်မလေးကို မြင်ဖူးပါဘမဟုတ်...။ အခုမှ ထိုနေ့က သေချာမကြည့်မိထားသည်ကို နောင်တရနေမိသည်။

သို့သော် ကိစ္စမရှိ...။ သူမစကားသံ ကြားခဲ့ရသော အတန်းသို့ သွားရောက်စနည်းနာရမည်။

ထို့ကြောင့် ခြေလှမ်းများက ထိုအခန်းသို့ တက်တက်ကြွကြွ ဦးတည်လိုက်ကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၉ ]

တီတူးကိုမြင်တော့ ဟိုတစ်နေ့က ထမင်းကျွေးတဲ့ အလှူရှင်က မျက်နှာပျက်သွားသည်။

အခုလည်း သူ့ထမင်းချိုင့်နှင့် သူ့ဘာသာသူ ထမင်းစားနေသောကြောင့် ဖြစ်သည်။ သူ့ကိုမြင်သွားပြီးနောက် မခေါ်ချင့်ခေါ်ချင်ပုံစံဖြင့်...

“ကိုတီတူး...စားပါဦးလား”

ဟု လှမ်းခေါ်၏။

တစ်ခုခုကို ဆုံးဖြတ်ထားပြီးပုံလည်း ပေါက်သည်။

“မစားတော့ပါဘူးဗျာ၊ ငါ တစ်ခုလောက် မေးချင်လို့”

သူ့ဆီမှ သက်ပြင်းချသံ ကြားလိုက်ရသည်။ ဘာကြောင့်





သက်ပြင်းချလဲ သူမသိ...။ ထားလိုက်ပါ...။ သူသိချင်တာက အခြားကိစ္စ ဖြစ်နေတာကြောင့်...။

“ဟိုတစ်နေ့က မင်းနဲ့ ငါနဲ့ ထမင်းစားတော့ ငါတို့နောက်က ‘ငါးအကြောင်း’ ပြောတဲ့ ကောင်မလေး နှစ်ယောက်ကို မှတ်မိလား”

ထမင်းအလှူရှင်မှာ သူ့စကားကို ခေါင်းခါပြသည်။

မသိဘူးဆိုတာလား...။ နားမလည်ဘူး ဆိုတာလားမသိ...။

ဒါနဲ့ တီတူးလည်း အခန်းတစ်ခုလုံးကို လှည့်ကြည့်နေလိုက်သည်။ အဓိကကတော့ သူတို့ရဲ့ စကားပြောသံတွေကို မသိမသာ လိုက်နားထောင်ခြင်းဖြစ်သည်။

ဤတွင် အခန်းထောင့်တွင် ပြောနေကြသော အမျိုးသမီးတစ်စုထဲမှ အသံတစ်သံကို ကြားလိုက်ရသည်။

“ငါတို့လမ်းမှာ ကြီးကြီးကျယ်ကျယ် ကွမ်းယာဆိုင် တစ်ဆိုင် ရှိတယ်ဟဲ့”

ဒါ မြန်မာဖိုက်တင်ငါးအသံပဲဟု သူမှတ်မိလိုက်သည်။

ထိုပြောနေသော ကောင်မလေးအား လှမ်းကြည့်မိသည်။

မျက်ဝန်းလှသော ကောင်မလေးဟု တွေ့တွေ့ချင်း အသိအမှတ်ပြုမိသည်။

ထူးခြားအောင်မလှသော်လည်း စိတ်ဝင်စားဖွယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော ကောင်မလေးတစ်ယောက်ဖြစ်သည်။ စကားပြောဟန် ဆိုဟန်တွေနှင့်အတူ သူမသူငယ်ချင်းများ၏ စိတ်ဝင်စားမှုများအား သူမထံရောက်ရှိနေအောင် လုပ်ဆောင်ထားနိုင်သူတစ်ဦးလည်း ဖြစ်သည်။

သူလည်း သူမ၏စကားပြောဟန်လေးကို စိတ်ဝင်စားတာနဲ့ ဆက်နားထောင်နေလိုက်သည်။

"ဘယ်လိုကြီးကြီးကျယ်ကျယ်ကွမ်းယာဆိုင်လဲ၊ ဆိုင်အကျယ်ကြီးဖွင့်ထားလို့လား"

သူမ၏သူငယ်ချင်းတစ်ယောက်က တအံ့တသြလေး မေးသည်။

"လေကြီးလေကျယ်ပြောတဲ့ ကွမ်းယာဆိုင်လို့ ပြောတာပါ"

"အံမယ်...သူက ကွမ်းယာရောင်းပြီး ဘာစကားတွေများ ပြောလို့လဲ"

"သူ့ကွမ်းယာဆိုင်က သာမန်ကွမ်းယာဆိုင် မဟုတ်ဘူးတဲ့"

"ဘာလဲ...ကံစမ်းမဲပေးလို့လား"

"မဟုတ်ပါဘူး၊ သူကပြောတယ်"

"အင်း..."





"ရှေးခေတ်တုန်းက တက္ကသိုလ်မှာ ကွမ်းယာခြင်းအတတ်ပညာကို သူ့မျိုးရိုးက စနစ်တကျသင်လာတာတဲ့၊ ဒါကြောင့် အခြားဆိုင်တွေနဲ့ မတူဘူး၊ သူ့ဆိုင်က ပညာသားပါတာပေါ့တဲ့"

"အလဲ့...ဟုတ်ရောဟုတ်လို့လား"

"သူကပြောသေးတယ်၊ သူတို့ ယက်ဆင့်ကမ်းအမွေဆက်ထိန်းရတဲ့ ကွမ်းပြင် ကွမ်းယာခြင်းအတတ်ကို 'ကမ္ဗုကရက္ခာအတတ်'လို့ ခေါ်ကယ်တဲ့"

"သူက အလာကြီးပဲ"

"ဟုတ်တယ်၊ သူက ကုလားတော့ ကုလားကြီးပဲ"

သူမစကားကို အားလုံးက ဝိုင်းရယ်ကြသည်။

သူလည်း ပြုံးမိသည်။ သူမတို့စကားဝိုင်း၏ စကားသံကို ခပ်လှမ်းလှမ်းမှ ထိုင်၍ မသိမသာနားထောင်နေခြင်းဖြစ်သည်။

အတန်းချိန်မရှိသောကြောင့် သူတို့ လွတ်လွတ်လပ်လပ် ပြောနေကြခြင်းလည်းဖြစ်သည်။ သူလည်း ဆက်နားထောင်နေလိုက်သည်။

"သူပြောတာ ဟုတ်ရော ဟုတ်လို့လား"

အခြားသူငယ်ချင်းများက သူ့ကို ဝင်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်တယ်၊ ရှေးခေတ်တုန်းက တက္ကသိုလ်မှာ သင်တော့ သင်ဖူးတယ်၊ အံမယ်... အဲဒီတုန်းက 'အပြစ်ရှိသူကို ပုတ်ခတ်ရိုက်နက်ခြင်း အတတ်'၊ 'အမနာစိတာ ဥနုအတတ်'ဆိုပြီးတောင် ရှိသေးတယ်"

"အခု ငါတို့ကျောင်းမှာ အဲဒီဘာသာရပ်ရှိရင် သင်မယ်"

အားလုံး ဝိုင်းရယ်ကြပြန်သည်။

"အဲဒီကုလားကြီးက သူ့ဆိုင်မှာ ရေးထား သေးတယ်"

"ဘာလဲ..."

"ကမ္ဘာလာရက္ခာအတတ်ဖြင့် စီရင်အပ်သော ကျွန်ုပ်၏ ကွမ်းယာအား ဝယ်ယူအားပေးသူများ ချမ်းသာကိုယ်စိတ် မြပါစေ...တဲ့"

"တယ်...ဟုတ်ပါလား"

ရယ်ကြပြန်သည်။

ထိုစဉ် သူ့သူငယ်ချင်းတစ်ယောက်က...

"ဟဲ့...ဒါနဲ့ နင့်ကိုမေးရဦးမယ်"

"မေးလေ"





"ဟိုတစ်ခါတုန်းက နင့်ကိုလိုက်တဲ့ ငါးမွေးမြူ ရေးလုပ်တဲ့လူရဲ့သားလေ၊ အဲဒါ ဘယ်လိုဆက်ဖြစ် လဲဆိုတာ ငါတို့ကို မပြောရသေးဘူးနော်"

ထိုကောင်မလေး၏အမေးကြောင့် တီတူး ခေါင်းထောင် သွားသည်။

သူလည်း သိချင်သည့်ကိစ္စသို့ ရောက်သွား၍ဖြစ်သည်။

"သြော်...အေး၊ ဟုတ်သားပဲ၊ ပြောဖို့မေ့နေတာ"

ဘာမှမဆိုင်မှန်း သိသော်လည်း သူ့စိတ်ထဲ မရိုးမရွဖြစ်သွား သည်။

ထိုသူဌေးသားက 'မြန်မာဖိုက်တင်ငါးအကြောင်း'ကို ပြောပြ လိုက်ပြီလား။

သိချင်စိတ်နှင့်အတူ ကောင်မလေးများ၏စကားကိုသာ ဆက်နားထောင်နေလိုက်သည်။

"သူက နင်မေးထားတဲ့ ငါးအကြောင်းတွေ နောက်တော့ လာပြောရောလား"

"နောက်ရက်တွေတော့ သူ ငါ့ဆီရောက်မလာ ဘူး၊ ဒီနေ့တော့ လာပြောမလား မသိဘူး၊ ဒါပေမဲ့ သူဖြေနိုင်မယ် မထင်ပါဘူး"

"ဟင်...နင်က ဘယ်လိုလုပ်သိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ပုံစံကို ကြည့်ပြီး သိနိုင်တာပေါ့"

"အံမယ်… အဲ့ဒါတော့ နင်က ကိုယ့်ကိုယ်ကို အထင်ကြီးတာပါနော်"

"မဟုတ်ဘူး၊ ငါတကယ်ပြောတာ"

ထိုကောင်မလေးနှင့် သူ့သူငယ်ချင်းအချို့တို့ အခြေအတင် ဖြစ်နေကြသည်။

"မယုံပါဘူး၊ လူတစ်ယောက်ကို ကြည့်ပြီးတော့ သူ(ဖြ)နိုင်မလား မဖြေနိုင်ဘူးလားဆိုတာ မသိလောက်ပါဘူး"

"ငါ လက်တွေ့ပြရမလား"

"အင်း…အဲ့ဒါဆိုရင်တော့ ယုံမယ်"

သူစိတ်ဝင်စားသွားသည်။ သူမ ဘယ်လိုများ လက်တွေ့ပြမလဲပေါ့…။

သူက သူမတို့အဖွဲ့ကို ကျောပေးပြီး နားထောင်နေတာကြောင့် သူတို့ဖြစ်ပျက်နေပုံများကို သေချာမမြင်ရ…။

ထို့ကြောင့် နားကို အသာစွင့်ကာ ငြိမ်ပြီး နားထောင်နေလိုက်သည်။

"ဟိုမှာထိုင်နေတဲ့ကျောင်းသား တွေ့လား"

သူမ၏အသံလွင်လွင်လေးကို ကြားရသည်။





"အင်္ကျီအနက်ရောင် ဝတ်ထားတဲ့သူလား"

"ဟုတ်တယ်၊ သူ ငါပြောတဲ့ငါးအကြောင်းကို ဖြေနိုင်လိမ့်မယ်"

သူ ထိတ်လန့်သွားသည်။ မည်သို့ဆိုသော် သူသည် အင်္ကျီအနက်ရောင် ဝတ်ထားသောကြောင့် ဖြစ်သည်။

အခြားကျောင်းသားထဲမှ အနက်ရောင် ဝတ်လာသော ကျောင်းသားများလည်း ရှိကောင်းရှိနိုင်ပါသည်။

ထိုစဉ် သူမသူငယ်ချင်း နောက်တစ်ယောက်က…

"ဩော်…သူလား၊ သူ့နာမည်က တီတူးလေ၊ ငါခေါ်လိုက်မယ်…တီတူး၊ တီတူး"

ဟူသော လှမ်းခေါ်သံကို ကြားလိုက်ရ၏။

ထိုခေါ်သံကြောင့် တီတူးမှာ ဆတ်ခနဲဖြစ်သွားပြီး ခိုးနားထောင်နေသည်ကို မိသွားသော လူတစ်ဦးနှယ် နောက်သို့လှည့်ကြည့်မိ၏။

သူမ၏မျက်ဝန်းလှလှလေးများနှင့် ဦးစွာဆုံမိသည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၁၀ ]

သူ့ဖုန်းမြည်သံကြောင့် အိပ်ပျော်နေရာမှ ရုတ်တရက် လန် သွားသည်။ ဘေးနားတွင်ချထားသော သံပရာရည်ခွက်ကလည်း ကုန်နေပြီဖြစ်သည်။

ဖုန်းသံကလည်း မြည်နေဆဲဖြစ်သောကြောင့် အိတ်ထဲ ဟမ်းဖုန်းကို ကိုင်လိုက်သည်။

"ဟယ်လို"

"မောင်တီတူးလား မသိဘူး"

တစ်ဖက်မှ အဒေါ်ကြီးတစ်ယောက်အသံ ဖြစ်သည်။ သူနဲ့ မရင်းနှီးသောအသံလည်း ဖြစ်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"ဪ... အန်တီအိမ်ကို ခဏလောက်လာခဲ့ ပါလား"





သူ စဉ်းစားသွားရသည်။ ဖုန်းမှားနေတာတော့ မဟုတ်တာ သေချာသည်။ ဘာကြောင့်ဆို သူ့နာမည်ကို သိနေသောကြောင့် ဖြစ်သည်။

"ဟို...ဘာကိစ္စများလဲမသိဘူး၊ အန်တီ့ကိုလည်း ကျွန်တော် မသိဘူး"

တစ်ဖက်လူကို ရှိရှိသေသေနှင့် ပြန်မေးလိုက်သည်။

"သမီးလေးနွယ် ထားခဲ့တဲ့ပစ္စည်းတွေကို ပေးချင် လို့ပါ"

"ဗျာ"

သူ အံ့ဩသွားသည်။ သူ့မိန်းမနွယ် ထားခဲ့တဲ့ပစ္စည်း...။ ထိုကိစ္စကို နွယ်က သူ့ကို တစ်ခါမှ မပြောခဲ့ဖူးပါ။ သို့သော် နွယ်နှင့်ပတ်သက်သောကိစ္စ ဖြစ်တာကြောင့် လာရမည့်လိပ်စာကို မေးလိုက်ရသည်။ ထိုအဒေါ်ကြီးကလည်း သူမသိသည့်လိပ်စာ တစ်ခုကို ပြောပြသည်။ သူလည်း မှတ်ထားကာ လာခဲ့မည်ဟု ပြောလိုက်၏။

တစ်ဖက်မှ ဖုန်းချသွားသောအခါတွင် ရင်ခုန်မှု၊ စိတ် ဝင်စားမှုတို့နှင့်အတူ ဒရင်းဘတ်ပေါ်သို့ ခဏပြန်လှဲချလိုက်သည်။

မနက်ဖြန်တော့ အလုပ်သွားနိုင်မည်မဟုတ်၊ ရက်အနည်း ငယ်တော့ နားလိုက်ဦးမည်ဟု ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏အလုပ်မှာ ကိုယ်ပိုင်အလုပ်ဖြစ်သောကြောင့် သူမရှိရင်လည်း မန်နေဂျာများနှင့် လုပ်ငန်းလည်ပတ်နိုင်သည်။ သူ့လုပ်ငန်းမှာ ခပ်ကြီးကြီးမဟုတ်ဘဲ အလယ်အလတ်လုပ်ငန်းများဖြစ်သောကြောင့် စိတ်ချလက်ချ အနားယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

အိပ်ပျော်သွားသည်မှာ ဘယ်လောက်ကြာသွားသည်မသိ၊ မှောင်စပင်နည်းနည်းပျိုးလာပြီဖြစ်သည်။ ထို့နောက် ဝရန်တာမှ အိမ်ထဲသို့ ပြန်ဝင်လိုက်သည်။

သူ့ဇနီး၏အငွေ့အသက်တို့ ပြန်လည်ခံစားမိလာသည်။

■





[ ၁၁ ]

နောက်တစ်နေ့တွင်

အိမ်တစ်အိမ်ရှေ့သို့ သူ့ကားလေး ထိုးရပ်လိုက်သည်။ သူ့လက်ထဲတွင် ရေးမှတ်ထားသော လိပ်စာ စာရွက်လေးအား တစ်ခေါက်ပြန်ကြည့်လိုက်သည်။

သေချာပါသည်။ ဟိုတစ်နေ့က ဖုန်းထဲက အဒေါ်ကြီး ပြောခဲ့သော လိပ်စာပင်ဖြစ်သည်။ အိမ်သည် တစ်ထပ်အိမ်ဖြစ်ပြီး နေချင်စဖွယ် ဆောက်လုပ်ထားသော အိမ်လေးလည်း ဖြစ်သည်။

သူ ကားပေါ်မှဆင်းပြီးပြီးချင်းပင် အိမ်ထဲမှ အဒေါ်ကြီး တစ်ယောက် ထွက်လာ၏။

“မောင်တီတူးလား”

“ဟုတ်ပါတယ်ခင်ဗျာ”

သူ့ကို ဖုန်းဆက်သော အဒေါ်ကြီးပင် ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဒေါ်ကြီးက သူ့အား အိမ်ပေါ်ဖိတ်ခေါ်၏။

အိမ်အတွင်းကို ကြည့်ခြင်းအားဖြင့် အဒေါ်ကြီးသည် ‘မရှိမရှားပင်’ ဖြစ်ပေလိမ့်မည်။

သူ ကုလားထိုင်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။

သူ့ရှေ့ကခုံတွင် ဝင်ထိုင်လိုက်သော အဒေါ်ကြီး၏ပုံစံမှာ တည့်တည်ကြည်ကြည်ဖြစ်ပြီး အရင်တုန်းက ဘဝရဲ့ဒဏ်ကို တော်တော်ခံခဲ့ရ၍ စိတ်ဓာတ်ကိုကျေ ဖြစ်ခဲ့ပုံရသည်။

“အန်တီ့နာမည်က ဒေါ်တင်တင်ဝင်း လို့ ခေါ်ပါတယ်”

“ဟုတ်ကဲ့”

သူနှင့် မရင်းနှီးသော နာမည်တစ်ခုဖြစ်သည်။ သို့သော် နွယ်နှင့်ပတ်သက်သောသူ ဖြစ်နေတာကြောင့် ဆက်ပြီးနားထောင်နေလိုက်သည်။

“အန်တီကတော့ သားကို မမြင်ဖူးပါဘူး၊ သမီးလေးနွယ်ရဲ့ ယောကျ်ားဆိုတာတော့ သိနေတာ ကြာပါပြီ”

“အန်တီက နွယ်နဲ့ ဘာတော်လဲဟင်”

သူသိချင်သောအရာကို အရင်မေးလိုက်သည်။

“ဘာမှမတော်ပါဘူးကွယ်”





“ဟင်”

ဒါဆို နွယ်ရဲ့ပစ္စည်းအချို့က ထိုအဒေါ်ကြီးဆီ ဘာလို့ ရောက်နေရတာလဲ။ သူ နားမလည်နိုင်အောင်ဖြစ်သွားသည်။ သို့သော် အဒေါ်ကြီးက ဆက်ရှင်းပြသည်။

“နွယ်ဟာ စိတ်ရင်းကောင်းပြီး ကူညီတတ်တဲ့ ကောင်မလေး တစ်ဦးပါ၊ သားလည်း အန်တီနဲ့ နွယ်နဲ့ ဘယ်လိုပတ်သက်လဲဆိုတာ သိချင်ရောပေါ့၊ ပြောပြပါမယ်၊ ဒီလိုပါ...”

အဒေါ်ကြီးက သက်သောင့်သက်သာပုံစံ ထိုင်လိုက်ပြီး ခရိုကြည့်ကာ...

“အရင်တုန်းက အန်တီဟာ ဒီအိမ်လည်း မပိုင်သေးပါဘူး၊ ဒုက္ခလည်း တော်တော်လေးရောက်ခဲ့ပါတယ်၊ အန်တီ့မှာတော့ သားနှစ်ယောက်ရှိပါတယ်၊ ဒါပေမဲ့ အန်တီ့ကို ဂရုမစိုက်ဘဲ သူတို့မိန်းမတွေကိုသာ ဂရုစိုက်ခဲ့ပါတယ်”

အန်တီကြီးက သက်ပြင်းချသည်။ စိတ်မောနေဟန်တူသည်။ သို့သော်လည်း ထိုသို့ပြောနေရ၍ ကြည်နူးနေပုံလည်းပေါက်သည်။

သူလည်း စိတ်ဝင်တစားနှင့် ဆက်နားထောင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက အန်တီ အိမ်ငှားနေရတယ်၊ နေ့စဉ်စားဖို့အတွက် ဒီလမ်းထဲက အန်တီနဲ့ ရင်းနှီးတဲ့ လက်ဖက်ရည်ဆိုင်မှာ ထမင်းချက်ပေးရတဲ့လူအဖြစ် အလုပ်လုပ်ပေးရတယ်"

ထိုစဉ် ကလေးမ ငယ်ငယ်လေးတစ်ယောက်က သူနှင့် အဒေါ်ကြီးအတွက် ကော်ဖီတစ်ခွက် လာချပေးသွားသည်။ ပြီး... ပြန်ထွက်သွား၏။

အဒေါ်ကြီးလည်း သူ့စကားသူဆက်သည်။

"တစ်နေ့မှာ သမီးလေးနှယ်က အဲ့ဒီဆိုင်ကို သူငယ်ချင်းတွေနဲ့အတူ ထမင်းစားဖို့ လာခဲ့တယ်၊ အဲဒီမှာ အန်တီ့ဘဝ စပြောင်းတယ်လို့ ဆိုရမှာပဲ"

စကားသံသည် တိုးညင်းသွားသလို ခံစားရသည်။ အဒေါ်ကြီးစကားကို နားထောင်နေရင်းနှင့်ပင် နှယ့်ကို သတိရလာသည်။

အဒေါ်ကြီးလည်း သတိရလာ၍ထင်သည်။ မျက်ရည်ပင် ဝဲတက်လာ၏။

ထို့နောက် ထိုနေ့က အဖြစ်အပျက်ကို ဆက်ပြောပြသည်။

■





[ ၁၂ ]

ဆိုင်ထဲသို့ ကောင်မလေးသုံးယောက် ဝင်ထိုင်ပြီးပြီးချင်းပင် ထိုအထဲမှ ချောချောလှလှ ကောင်မလေးတစ်ယောက်က ခုံပေါ်မှ မီနူးကတ်လေးအား ယူလိုက်သည်။ တစ်ဆက်တည်းပင် ဘေးနားမှာ လာရပ်သော စားပွဲထိုးကောင်လေးအား...

"ထမင်းဟင်း ရလား"

ဟု လှမ်းမေးလိုက်သည်။

"ဟုတ်ကဲ့ ရပါတယ်၊ ဟင်းနာမည်တွေကိုတော့ မီနူးထဲမှာ ရေးထားပါတယ် ခင်ဗျာ"

ထိုချောချောလှလှ ကောင်မလေးက မီနူးမှ ဟင်းနာမည်များအား ဖတ်ပြီး ပါလာသော သူ့သူငယ်ချင်းများနှင့် တိုင်ပင်ကာ ဟင်းလေးမျိုးလောက်မှာ၏။

စားပွဲထိုးလေး ထွက်သွားသောအခါတွင် ထိုကောင်မလေး၏ သူငယ်ချင်းက...



www.burmeseclassic.com

www.burmeseclassic.com



• "ဟင်းတွေက ကောင်းပါ့မလား မသိဘူး၊ မကောင်းရင်တော့ နှမြောစရာကြီးနော်"

ဟု ပြော၏။

သူတို့သုံးယောက်မှာ သူငယ်ချင်းတစ်ယောက်အိမ်လာရင်း ဗိုက်ဆာ၍ ကြုံရာဆိုင် ဝင်စားကြခြင်းဖြစ်သည်။

ဒီဆိုင်မှာ တစ်ခါမှ မစားဖူးသောကြောင့် မိန်းကလေးပီပီ ဟင်းလက်ရာ မကောင်းမှာကို စိတ်ပူကြခြင်းဖြစ်သည်။

ခဏကြာတော့ စားပွဲထိုးလေးက သူတို့မှာထားသော ဟင်းနှင့် ထမင်းများ လာချသည်။ ငါးပိရည် တို့စရာနှင့် စားချင်စဖွယ် ထမင်းဝိုင်းလေးဖြစ်သွားသည်။

သူတို့လည်း ဗိုက်ဆာဆာနှင့် စားလိုက်ရာ ထမင်းတော်တော်များများ ကုန်သွား၏။ ထို့နောက် ထမင်းစားပြီးသောအခါ ကော်ဖီနှင့် မုန့်များမှာကာ ခဏထိုင်နေလိုက်ကြပြန်သည်။

"ဟင်းချက်တဲ့လက်ရာလေးက ကောင်းတယ်နော် နွယ်"

ကောင်မလေးတစ်ယောက်က ချီးကျူးသည်။ ချောချောလှလှ ကောင်မလေးကလည်း...

"ဟုတ်တယ်"

ဟု ထောက်ခံသည်။





ထို့နောက် စကားစပြတ်သွားပြီး ကော်ဖီသောက်လိုက်၊ မုန့်စားလိုက်၊ ဆိုင်အပြင်ကိုကြည့်လိုက်နှင့် နေနေကြသည်။

ဤတွင် စကားမပြောဘဲ မနေနိုင်ပုံရသော ချောချောလှလှ ကောင်မလေးက သူ့သူငယ်ချင်းများအား ကြည့်ကာ...

"ဒီဟင်းထမင်းချက်တဲ့သူဟာ ဆိုင်ပိုင်ရှင်လို့ နင်တို့ထင်လား"

ဟုဆိုပြီး စကားအဆက်အစပ်မရှိ မေးလိုက်သည်။ ပြောစရာစကား မရှိ၍ ရောက်တတ်ရာရာ မေးလိုက်ခြင်းလည်း ဖြစ်ပုံရသည်။

"မဖြစ်နိုင်ဘူးထင်တယ်၊ ဆိုင်ပိုင်ရှင်ကတော့ ဘယ်ဝင်ချက်မလဲ၊ ခေါ်ထားတဲ့ အလုပ်သမားတစ်ယောက် ချက်မှာပေါ့"

ချောချောလှလှကောင်မလေးက ခေါင်းညိတ်သည်။ ပြီးနောက်...

"ဒါဆို အဲဒီလူဟာ ဒီဆိုင်မှာချက်တဲ့အတွက် လခပဲရမှာပေါ့"

"အင်း...ဒါလည်း ထပ်ဖြစ်နိုင်သေးတယ်၊ ဘာဖြစ်လို့လဲဆို ဆိုင်ရှင်ကလည်း သူ့ကို လခနဲ့ပေးမှာပေါ့၊ ငါဆိုင်ရှင်ဆိုလည်း အဲဒီလိုပေးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားပြောနေသောအချိန်မှာ ဆိုင်ထဲ၌ လူအနည်းငယ်ရှင်းနေသောအချိန်လည်း ဖြစ်သည်။

သူတို့ပြောနေသော စကားသံမှာ သူတို့ဝိုင်းအပြင် ခပ်လှမ်းလှမ်းနေရာမှလည်းကြားရသောအသံနှင့် ပြောနေကြခြင်းဖြစ်သည်။

"ဒါနဲ့ ငါတစ်ခုလောက်ထပ်မေးချင်သေးတယ်"

ချောချောလှလှကောင်မလေးက ဘာရယ်ညာရယ်မဟုတ် ပြောခဲ့သော သူတို့အကြောင်းအရာလေးကို စိတ်ဝင်တစား ဆက်မေးနေသည်။

"မေးလေ...ဘာလဲ"

"အဲဒီလို လခနဲ့ရတော့ သူဟာ ငွေကြေးကို ထင်သလောက်မရတဲ့လူ ဖြစ်နိုင်တယ်။ ဒါ့အပြင် ဆင်းရဲတဲ့လူလည်း ဖြစ်ချင်ဖြစ်နိုင်တယ်"

"အင်း..."

"အခု နင်တို့သိတဲ့အတိုင်းပဲ၊ ဟင်းချက်ထားတဲ့ လက်ရာလေးက တော်တော်လေးကို ကောင်းတယ်၊ အဲ့ဒီလူနေရာမှာ နင်ဆိုရင်ရော ဒီလိုလခနဲ့ပဲ သူများဆိုင်မှာ ဆက်ချက်နေဦးမလား"

တော်တော်စိတ်ဝင်စားစရာကောင်းသော မေးခွန်းဖြစ်သည်။





ကျန်တဲ့ကောင်မလေးနှစ်ယောက်မှာလည်း ခပ်ချောချောလေး တည်လိုက်သော စကားဝိုင်းကို စိတ်ဝင်စားလာကြသည်။

"ဒါကတော့ အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိသေးတာပဲ"

"ဘာကိုပြောတာလဲ"

"ဥပမာ–အဲ့ဒီလူမှာ ဆိုင်ဖွင့်ဖို့အတွက် အရင်းအနှီး မရှိတာတို့၊ သူများဆီက ပိုက်ဆံချေးပြီး ဆိုင်ဖွင့်ဖို့ဆိုတာကလည်း အတိုးတွေ ဘာတွေနဲ့ဆိုတော့ ကြောက်မှာပေါ့။ ကဲ...အတိုးမကြောက်လို့ ငွေချေးလိုက်ပြီပဲ ဆိုပါစို့၊ နေရာက လိုသေးတယ်လေ၊ ထမင်းဆိုင်ကောင်းကောင်းတွေရှိတဲ့ နေရာမှာ ဖွင့်မိပြန်ရင်လည်း မလွယ်ဘူး"

သူမသူငယ်ချင်းက အကြောင်းအရာအချို့ကို ပြောပြသည်။

ချောချောလှလှကောင်မလေးက ခေါင်းခါ၏။

"ငါသာ သူ့လိုဟင်းချက်တဲ့လက်ရာ၊ သူ့လို လခပဲရတဲ့ အခြေအနေ၊ ပြီးတော့ နေရာ စတဲ့အခက်အခဲတွေ ကြုံရတဲ့အခြေအနေဆိုပါစို့"

"အင်း"

"ငါနေတဲ့လမ်းမှာ ထမင်းဆိုင်ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလို့ အဆောင်မှာနေတဲ့ ငါ့သူငယ်ချင်းတွေက ပြောဖူးတယ်”

“ဒီတော့”

“ဒီတော့ ငါ့မှာလည်း ငွေအရင်းအနှီးများများ မရှိသေးတဲ့အချိန်၊ နေရာငှားဖို့ကလည်း တော်တော် ဈေးကြီးတဲ့အချိန်မှာဆိုရင် ပထမဆုံးအနေနဲ့”

“အင်း...နင် ဘယ်လိုလုပ်မလဲ”

“အဆောင်ပိုင်ရှင်တွေကို ငါ့လက်ရာ ကောင်းကြောင်း အရင်သိအောင် စည်းရုံးရမယ်”

“ဘယ်လို”

“ဒီလိုလေ၊ ငါတို့နေတဲ့နားမှာက အဆောင်တွေ အများကြီးပဲမဟုတ်လား၊ ဒီတော့ အဆောင်ပိုင်ရှင်တွေကို ထမင်းဖိတ်ကျွေးမယ်၊ နာမည်နဲ့တကွ ဖိတ်စာနဲ့ပေါ့”

“ဆက်ပြောပါဦး”

“နောက် သူတို့က လက်ရာကိုစားပြီးလို့ သိသွားတဲ့အချိန်မှာ စပ်စုကြမှာပဲလေ၊ ဘာကိစ္စလဲဘာညာပေါ့။ အဲဒီအခါမှာ ငါက အဆောင်သူ အဆောင်သားများကို ထမင်းချိုင့်ပေးတဲ့လုပ်ငန်း လုပ်ချင်တာကြောင့်





ညွှန်းပေးပါ၊ ဆက်သွယ်ပေးပါဆိုပြီး ပွင့်ပွင့်လင်းလင်း ပြောမယ်ဟာ”

“သူတို့က လက်ခံရောလား”

“လက်ခံမှာပါ၊ ဘာဖြစ်လို့လဲဆို ငါတို့လမ်းမှာ ဒီလက်ရာထက်ကောင်းတဲ့ ထမင်းဆိုင် မရှိဘူးဟ”

“ထားပါတော့၊ ဒါနဲ့ တစ်ခုမေးမယ်၊ ဒီထမင်းဟင်းချက်တဲ့လူက အဲ့ဒီအဆောင်ပိုင်ရှင်တွေကို ဘယ်နေရာမှာ ထမင်းဖိတ်ကျွေးမလဲ”

“သာမန်အနေနဲ့ ပြောမယ်ဆိုရင် ဒီဟင်းထမင်းချက်တဲ့လူက ဒီဆိုင်နားမှာ နေချင်နေ၊ ဒါမှမဟုတ် အခြားနေရာမှာ နေချင်နေတယ်ဆိုပါစို့”

“အင်း...”

“ပြီးတော့ အိမ်ငှားနေတာလည်း ဖြစ်နိုင်သေးတယ်”

“ဟုတ်ပြီ”

“ဒီတော့ အိမ်ငှားနေမယ့်အတူတူ ငါတို့နားက အိမ်တစ်လုံးမှာ ပြောင်းပြီးငှားနေမယ်ဟာ”

“ထားပါ၊ ဆက်ပြောပါဦး”

“ငါတို့နားမှာကလည်း သပ်သပ်ရပ်ရပ်အိမ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးပါ၊ ဈေးပေါတဲ့ဟာလေးတွေ ရမှာပေါ့၊ နောက်ပြီး အဆောင်ပိုင်ရှင်တွေကို ထမင်းဖိတ်မကျွေးဘူးဆိုလည်း ရတယ်”

“ဟင်...ဘာဖြစ်လို့လဲ”

“ဒီလိုလေ၊ ဖိတ်မကျွေးတော့ဘဲ အဆောင်ပိုင်ရှင်တွေရဲ့ အိမ်တွေကို ချိုင့်နဲ့ လိုက်ပို့ပြီး စည်းရုံးရေးစကား ပြောမှာပေါ့”

“ဪ...”

“အဲဒီအခါမှာ ငါ့ဖောက်သည်တွေအဖြစ် အဆောင်က လူတွေရပြီဟာ၊ ဒီတော့မှ ပိုက်ဆံလေး နည်းနည်းချေးပြီး လုပ်ငန်းနည်းနည်းနဲ့ စရတော့မှာပေါ့”

ဟုဆိုပြီး ခပ်ချောချောကောင်မလေးက သူ့စကားအား အဆုံးသတ်လိုက်သည်။

ကျန်တဲ့သူ့သူငယ်ချင်းတွေက ခေါင်းသာညိတ်နေသော်လည်း ထိုကိစ္စကို သိပ်လက်ခံချင်ပုံမပေါ်ပေ။

“နင့်ဟာက ဟုတ်ပါ့မလား”

“နင်တို့က မယုံဘူးပေါ့”

“မယုံလို့တော့မဟုတ်ပါဘူး၊ နင်ပြောသလောက်လွယ်ပါ့မလားလို့”





“ဟာ...လုပ်တတ်ရင် ဖြစ်ပါတယ်ဟ”

ဤသို့ဖြင့် သူတို့တွေ အငြင်းအခုံဖြစ်နေကြသည်။

သူတို့မှာ ဆိုင်ထဲက မသွားချင်သေးသောကြောင့်သာ ဤစကားပြော ဒီစကားပြောနှင့်သာ အငြင်းအခုံလုပ်နေကြခြင်းဖြစ်သည်။

သို့သော် သူတို့ထိုင်နေသည့် စားပွဲဝိုင်း၏ ခပ်လှမ်းလှမ်းတွင် အမျိုးသမီးတစ်ယောက်က သူတို့စကားကို လိုက်နားထောင်နေသည်ကို သူတို့ သတိမထားမိချေ။

ထိုအမျိုးသမီးသည် ဝမ်းသာအားရပုံစံဖြင့် ကောင်မလေးသုံးယောက်၏ စားပွဲဝိုင်းသို့ ထသွားပြီး...

“သမီး”

ဟုဆိုပြီး ချောချောလှလှ ကောင်မလေးအား ခေါ်လိုက်ပြီးနောက် တစ်ဆက်တည်းပင်...

“သမီးက ဘယ်မှာနေတာလဲဟင်”

ဟု မေးလိုက်လေ၏။

ထိုကောင်မလေးကလည်း အမျိုးသမီးကြီးကို ပြန်ကြည့်ကာ ပြုံးပြလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



## [ ၁၃ ]

"အဲဒီမှာ သမီးလေးနွယ်က အန်တီ့ကို ဟမင်းဟင်းချက်တဲ့သူမှန်း သိသွားပြီး သူတတ်နိုင်သလောက် အကြံဉာဏ်တွေ၊ အကူအညီတွေ ပေးခဲ့ပါတယ်"

သူ့မှာသာ အခုထိ ဘာစကားမှမပြောနိုင်ဘဲ ငြိမ်သက်နေရသည်။

သူ အံ့သြပြီး ကြည်နူးနေမိခြင်းဖြစ်သည်။ လူတစ်ယောက်ရဲ့ဘဝကို မြင့်တက်လာအောင် လုပ်ပေးနိုင်သော နွယ့်ကိုလည်း လေးစားနေမိသည်။

နွယ်သည် အရာရာအားလုံးကို စနစ်တကျ အဓိပ္ပာယ်ရှိစွာ လုပ်တတ်သော မိန်းကလေးပါလား။

"နောက်ပိုင်းမှာ အန်တီနဲ့ သမီးလေးနွယ်ဟာ တော်တော်လေး ခင်မင်သွားခဲ့ပါတယ်။ သူ သားနဲ့





အိမ်ထောင်ကျပြီးနောက်ပိုင်းမှာတော့ မတွေ့ဖြစ်ကြတော့ပါဘူး၊ သားတို့မင်္ဂလာဆောင်ကိုတောင်မှ အန်တီနေမကောင်းလို့ မလာခဲ့နိုင်ပါဘူး"

အဒေါ်ကြီးသည် ပြောရင်းနှင့်ပင် မျက်ရည်ကျလာ၏။

သူ့မျက်ရည်ကျပုံမှာ ဝမ်းနည်းသည့်အသွင် ဆောင်နေသော်လည်း ထိုဝမ်းနည်းမှုတွင် ဂုဏ်ယူမှုအနည်းငယ် ပါလိမ့်မည်ဟု သူခံစားလိုက်ရသည်။

"တစ်နေ့ သမီးလေးနွယ် အန်တီ့အိမ် ရောက်လာတယ်၊ အန်တီနဲ့ စကားလေးဘာလေးပြောပြီး သူက အန်တီ့ကို ပစ္စည်းလေးအချို့ ပေးသွားတယ်၊ ပြီးတော့ အန်တီ့ကိုလည်း မှာသွားတယ်"

"ဘာမှာသွားလဲ အန်တီ"

"သူပေးခဲ့တဲ့ပစ္စည်းလေးတွေကို ထိန်းသိမ်းပေးထားပါတဲ့၊ နောက်ပြီး သတင်းစာထဲမှာ သူ့နာရေးကြော်ငြာကို ဖတ်ရတဲ့နေ့ကျရင် သူ့ယောကျ်ားဖြစ်တဲ့ သားဆီကို ဖုန်းဆက်ပြီး ဒီပစ္စည်းလေးတွေ လာယူခိုင်းပေးပါဆိုပြီး သားရဲ့ဖုန်းနံပါတ် ပေးသွားတယ်"

သူ သက်ပြင်းမွှမ်းကြီးတစ်ခု ချမိသည်။

မျက်ရည်လည်း ဝဲတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နွယ် ဘာကြောင့် ဒီလိုလုပ်ခဲ့ရတာလဲ...။

"အန်တီက သမီးလေးနွယ် နောက်နေတယ်ထင်တာ၊ နောက်တော့မှ အတည်ပြောနေတာပဲဆိုတာ သဘောပေါက်သွားပြီး သူပြောတဲ့အတိုင်း လုပ်ပေးပါမယ်လို့ ကတိပေးလိုက်ရတယ်၊ အဲဒီနေ့ကစပြီး အန်တီလည်း သတင်းစာထဲက နာရေးဖတ်လာတာ ဟိုနေ့ကမှ သမီးလေးနွယ်ရဲ့ နာရေးတွေ့လို့ ဖုန်းလှမ်းဆက်လိုက်တာပါ"

ထိုသို့ပြောပြီးပြီးချင်းပင် အဒေါ်ကြီးမှာ ငိုချလိုက်လေတော့သည်။

ပြီးနောက် အိမ်ထဲသို့ တစ်ယောက်ယောက်အား လှမ်းခေါ်လိုက်၏။

ခုနက ကော်ဖီနှင့်မုန့်လာချပေးသော ကလေးမလေးက ဘူးတစ်ဘူးနှင့်အတူ ပန်းချီကားတစ်ချပ် ယူလာကာ ထွက်လာလေ၏။

"ဒါ သမီးလေးနွယ်က သားကိုပေးထားခဲ့တဲ့ ပစ္စည်းတွေပါ"

ဟုဆိုပြီး သူ့ကို လှမ်းပေးလိုက်သည်။

ပန်းချီကားကို လှမ်းယူလိုက်ပြီး ဘူးလေးအား စားပွဲပေါ်





တင်ထားလိုက်သည်။

ပန်းချီကားမှာ လှပသောရှုခင်းနောက်ခံရှိသည်။ အိမ်တစ်အိမ်ပုံအား ရေးဆွဲထားသည့် ပန်းချီကားဖြစ်သည်။ ရှုခင်းမှာ ကြည်နူးဖို့ကောင်း၏။ ကြည့်မိသူအဖို့ ငါးမိနစ်ခန့် ငြိမ်သက်စွာ ငေးကြည့်မိနိုင်သော ရှုခင်းမျိုးဖြစ်သည်။

ထို့နောက် စားပွဲပေါ်တွင် တင်ထားသော ဘူးလေးအား လှမ်းယူလိုက်၏။

ဘူးမှာ ပါကင်ပိတ်ထားပြီး လေးလံခြင်းမရှိချေ။ ခပ်သေးသေး ဘူးလေးတစ်ဘူးသာဖြစ်သည်။

ပါကင်ပိတ်ထားသောဘူးလေးအား ဖွင့်လိုက်သည်။

"ဟင်..."

ချစ်သောမောင်သို့ဟု ရေးထားသည့်စာအိတ်တစ်အိတ်အား တွေ့လိုက်ရသည်။

သူ ကမန်းကတန်းဖွင့်ဖတ်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မောင်...

ဒီနေ့ဟာ မောင့်ဆီကနေ နွယ် ခွဲခွာသွားတာ ငါးရက်လောက်ရှိရောပေါ့...။

စာကို ခဏရပ်လိုက်ပြီး ရက်အချို့ကို ရေတွက်ကြည့်လိုက်၏။

ဟုတ်ပါသည်။ နွယ်ဆုံးသွားတာ ငါးရက်ရှိပြီဖြစ်သည်။ ထို့နောက် စာကို ဆက်ဖတ်လိုက်သည်။

မောင် နေရထိုင်ရတာ အဆင်ပြေလား၊ မောင် နွယ့်ကို သတိရနေဦးမယ်လို့ နွယ် ယုံကြည်ပါတယ်။

မောင်ရေ...

အရာရာအားလုံးဟာ 'ဒါပြီးရင် ဒါဖြစ်ရမယ်' ဆိုပြီး အကွက်ချထားပြီးသားဆိုတာ နွယ် ယုံပါတယ်။

ဪ...ဒါနဲ့ မောင် အခု ဒီစာဖတ်နေတာ ခဏရပ်ပြီး မောင့်ရဲ့ရှေ့မှာ ထိုင်နေနိုင်သော (သို့)



အိမ်ထဲသို့ ခဏဝင်သွားနိုင်သော အဒေါ်ကြီးတင်တင်ဝင်းအား တစ်ခုလောက်မေးပေးပါလား။

ဘာလဲဆိုတော့ 'နွယ်က မေးခိုင်းတယ်လို့၊ အခု မောင့်အတွက် ထမင်းစားသွားဖို့များ စီစဉ်ထားသလား' ဆိုပြီး မေးလိုက်ပါ။ ပြင်ထားဖို့ များပါတယ်။ ပြင်ထားရင်လည်း စားသွားလိုက်ပါ မောင်။ သူ့ဟင်းချက်လက်ရာက သိပ်ကောင်းတယ်။

သူ့အရှေ့တွင် ထိုင်နေသော အဒေါ်ကြီးအား မျက်လုံးတစ်ချက်ဖြင့်လှမ်းကြည့်လိုက်သည်။ အဒေါ်ကြီးကလည်း သူ့ကို ပြန်ကြည့်နေသည်။ ထို့နောက် ရိပ်မိပုံရပြီး...

"သမီးလေးက ဘာပြောထားလဲဟင်"

ဟု သူ့ကို မေးလိုက်၏။

"အန်တီက ကျွန်တော့်အတွက် ထမင်းစားဖို့ ပြင်ထားတယ်ထင်တယ်တဲ့၊ ပြင်ထားရင်လည်း စားသွားလိုက်ပါ၊ ဟင်းချက်လက်ရာ သိပ်ကောင်းတယ်ဆိုတာ သိသွားလိမ့်မယ်တဲ့"

"အို..."

အဒေါ်ကြီးသည် သူ့စကားကြောင့် မျက်လုံးပြူးသွားသည်။ ထို့နောက် ထစ်ထစ်ငေါ့ငေါ့ဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူပြောတာ ဟုတ်တယ်၊ ကိုယ့်ကျေးဇူးရှင်ရဲ့ ယောက်ျားဖြစ်ကဲ့ သားအတွက် အဒေါ်ထမင်းတွေ ဟင်းတွေ ပြင်ထားတယ်၊ သူ...သူ ဘယ်လိုသိလဲမသိဘူး၊ အန်တီလည်း သူပေးထားတဲ့ဟာတွေကို ဖွင့်မကြည့်တော့ သူ ဘာရေးထားလဲ ဆိုတာ မသိဘူး"

အဒေါ်ကြီးမှာ အံ့သြနေသည်။

"နွယ်က ကျွန်တော်လာရင် အန်တီ ထမင်းကျွေးလိမ့်မယ်ဆိုတာ အစကတည်းက တွက်မိပုံရတယ်၊ အန်တီ့ရဲ့စိတ်ကိုလည်း ခန့်မှန်းမိလို့ ဖြစ်မှာပါ"

"အင်းလေ...ဟုတ်မှာပါ၊ သမီးလေးက တော်လိုက်တာ၊ ဘာကြောင့်များ ဒီလောက်တော်တဲ့ သမီးလေးကို လောကကြီးက စောစောစီးစီး သေဆုံးခိုင်းရတာလဲ"

ငိုလည်းငို၊ ပါးစပ်ကလည်း ကမျစ်တောက်တောက် ပြောနေလေ၏။

သူကတော့ စာကို ဆက်ဖတ်နေလိုက်သည်။

တကယ်တော့ ဒီအဒေါ်ကြီးဆီက ပစ္စည်းတွေ





လာယူခိုင်းတယ်ဆိုတာကလည်း အကြောင်းရှိပါတယ်မောင်...။

နွယ် မရှိတော့တဲ့ နောက်ပိုင်းမှာ မောင် စားရေးသောက်ရေး အခက်အခဲဖြစ်မှာ စိုးရိမ်သောကြောင့်ပါ။

အခု ဒီအဒေါ်ကြီးဆီမှာ မောင့်အတွက် စားရေးသောက်ရေး အဆင်ပြေအောင် စီစဉ်သွားနိုင်ပါတယ်။

သူက မောင့်ကို သူ့ဆိုင်ကနေ နေ့စဉ်ပို့ပေးပါလိမ့်မယ်။

မောင်ရေ...

နွယ်လေ မောင့်ကို သိပ်ချစ်တယ် သိလား...။

အခု နွယ်ပေးထားတဲ့ ပန်းချီကားကလေးကိုလည်း သိမ်းထားပါ။ တစ်ချိန်ချိန်မှာ အသုံးဝင်လာပါလိမ့်မယ်။

နောက်များမှပဲ တွေ့မယ်မောင်။

ချစ်တဲ့...

နွယ်

သူ့ပါးပြင်မှ ပူခနဲ တစ်ချက်ဖြစ်သွားသည်။

ဝမ်းနည်းကြည်နူးမှုဖြင့်ကျသော မျက်ရည်များဖြင့် သူ့ပါးသည် စိုစွတ်နေလေသည်။ သူ့အတွက် ပြင်ဆင်သွားပေးခဲ့သော



www.burmeseclassic.com

ပြင်ဆင်မှုကိုလည်း ကျေနပ်နေမိသည်။

ထိုစဉ် အဒေါ်ကြီးက သူ့ကို...

"သား...ထမင်းစားရအောင်"

ဟု လှမ်းပြောလေသည်။

(တကယ်လည်း နွယ် ညွှန်းသည့်အတိုင်းပင် အဒေါ်ကြီး၏ ဟင်းချက်လက်ရာသည် ကောင်းမွန်လှ၏။)





[ ၁၄ ]

နွယ်ဆုံးပြီး တစ်လအကြာ တစ်ခုသော နံနက်ခင်းတွင် သူနိုးလာ၏။

ညက ကောင်းကောင်းအိပ်လိုက်ရသောကြောင့် စိတ်ထဲ၌ ကြည်လင်လန်းဆန်းနေသည်။ အချိန်ကိုကြည့်လိုက်တော့ မနက် ၈ နာရီ ရှိပြီဖြစ်သည်။

ထို့နောက် မျက်နှာသစ်၊ သွားတိုက်၊ ရေမိုးချိုးရန်အတွက် အိပ်ရာပေါ်မှ လူးလဲထလိုက်သည်။

ဒီနေ့သည် သူတို့နှစ်ယောက်၏ သုံးနှစ်မြောက် လက်ထပ် ဂ်လာနေ့ဖြစ်သည်။ အရင်နှစ်တွေတုန်းက နွယ်နှင့် အတူရှိခဲ့၏။ စားကြသောက်ကြ ပျော်စရာများနှင့် ပြည့်နေခဲ့သည်။ ယခုနှစ်တွင် နွယ်မရှိတော့ သူ ဘာလုပ်လို့လုပ်ရမှန်းမသိ...။

www.burmeseclassic.com



ထို့ကြောင့် ရေမိုးချိုးပြီး အဝတ်အစားလဲကာ ကုလားထိုင်ပေါ်တွင် တွေတွေကြီး ထိုင်နေမိသည်။

အလုပ်သွားချင်စိတ်လည်း မရှိ...။

ဘယ်သွားလို့ ဘယ်သွားရမှန်း သူမသိ...။

နွယ့်အတွက် ဘုရားသွားပြီး ကုသိုလ်လုပ်ပေးရင် ကောင်းမလား...စသည်ဖြင့် အမျိုးမျိုးတွေးကာ စဉ်းစားနေမိသည်။

"ဒေါက်..."

ထိုစဉ် တံခါးအား တစ်ခုခုလာထိသံ ကြားလိုက်ရသည်။

"ဒေါက်...ဒေါက်"

ထပ်ကြားရပြန်သည်။ တံခါးခေါက်သံတော့ မဟုတ်...။ တံခါးအား တစ်ခုခုနှင့် ပေါက်နေသည့်အသံမျိုး ဖြစ်သည်။

သူ ဆတ်ခနဲထလိုက်သည်။

ထို့နောက် တံခါးဆီသို့ သွားလိုက်ပြီး တံခါးအား ဆွဲဖွင့်လိုက်သည်။ အပြင်မှာ မည်သူ့ကိုမှ မတွေ့ရ...။

တံခါးအား အမှတ်မထင် ကြည့်လိုက်မိသည်။

"ဟင်..."

တံခါးလက်ကိုင်တွင် ကတ်လေးတစ်ခုအား လေးလံသောအရာလေးနှင့် ချိတ်ဆွဲထားသည်။ ထိုအရာလေးက လေတိုက်သောကြောင့် တံခါးအား ဆောင့်မိပြီး တဒေါက်ဒေါက်နှင့်





မြည်နေခြင်းဖြစ်သည်။ တံခါးပေါ်မှ ကတ်ကလေးအား ဆွဲဖြုတ်ယူလိုက်သည်။

"အို..."

ရင်ထဲတွင် အမျိုးအမည်မသိသော ခံစားမှုနှင့်အတူ ကတ်ကလေးအား ကိုင်ကာ ငေးကြည့်နေမိသည်။

ဒါ ဘယ်သူလာထားသွားတာလဲ...။

နွယ် များ လာထားသွားတာလား...။

မဖြစ်နိုင်...။

မည်သို့ဆိုသော် ထိုကတ်ပေါ်တွင် တစ်ဖက်ပါအတိုင်း ရေးထားသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်တီတူးနှင့် မနွယ်ဖြူတို့၏ ၃ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် ကျင်းပရန်အတွက် ........... ဆိုင်သို့ ...............အချိန့်တွင် ကြွရောက်ပါရန်...



အဖြူရောင် ကြွေသားဖြင့် ရိုက်နှိပ်ထားသော ကတ်ကလေးက သူ့လက်ထဲတွင် တော်တော်ကြာသည်အထိ ရှိနေသေးသည်။

ထို့နောက် တီတူးသည် နာရီအား လှမ်းကြည့်လိုက်သည်။

ကတ်ထဲက အချိန်အတိုင်းဆိုရင် အချိန်က နီးနေပြီဖြစ်သည်။ သူ ဘာတွေ တွေ့ရမလဲ...။

ထိုပွဲကို နွယ်က ကြိုတင်စီစဉ်ခဲ့တာလား...။

သူ အရမ်း သိချင်လာသည်။

ထို့ကြောင့် အဝတ်အစားလဲပြီးနောက် ဆိုင်သို့ ခပ်မြန်မြန် ထွက်လာခဲ့သည်။

■

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



[ ၁၅ ]

ဆိုင်လေးသည် ခမ်းခမ်းနားနားကြီး မဟုတ်ဘဲ သပ်သပ်ရပ်ရပ်နှင့် Romance ဆန်ဆန် တည်ဆောက်ထားသော ဆိုင်လေးဖြစ်သည်။

ဆိုင်ထဲသို့ ပင်ဝင်ချင်းပင် စားပွဲထိုးကောင်လေးက...

"ကိုတိကျူးလား မသိဘူး"

ဟု မေး၏။

"ဟုတ်ပါတယ်"

"သြော်...ဟုတ်ကဲ့၊ အစ်ကိုတို့ရဲ့ သုံးနှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အတွက် သီးသန့်နေရာ လုပ်ထားပါတယ် ခင်ဗျာ"

ဟုဆိုပြီး သူ့အား ခေါ်သွား၏။





သူလည်း စားပွဲထိုးကောင်လေးနောက်မှ လိုက်သွားလိုက်သည်။

အခန်းတစ်ခုရှေ့သို့ ရောက်သွားသောအခါတွင်...

"ဒီအခန်းပါပဲ အစ်ကို၊ လိုအပ်ရင် ကျွန်တော့်ကို ဘဲလ်နှိပ်ခေါ်လိုက်ပါ၊ အစားအသောက်တွေကိုတော့ ကျန်တဲ့ဧည့်သည် သုံးယောက် ရောက်လာပြီးရင် ချပေးပါမယ်"

"ဧည့်သည် သုံးယောက် ကျန်သေးတယ်"

"ဟုတ်ပါတယ်၊ ဒီပွဲလေးအတွက် ဖိတ်ထားတာပါ"

စိတ်လှုပ်ရှားမှုတို့ ပြင်းထန်လာသည်။

ထို့ကြောင့် စားပွဲထိုးလေးအား...

"ဒီပွဲကို ဘယ်သူစီစဉ်လဲဆိုတာ သိလား"

"အင်း...အဲ့ဒါတော့ မသိဘူးဗျ၊ ကျွန်တော်တို့ မန်နေဂျာပဲ သိမယ်"

"ကောင်းပါပြီ၊ ဒါဆိုလည်း နောက်မှပဲ မေးပါတော့မယ်"

ဟု ပြောလိုက်ပြီး အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၁၆ ]

ခဏတာ ကြက်သေ သေနေမိသည်။ အခန်း၏ ပြင်ဆင်ထားပုံသည် ရိုးရှင်းကာ ချစ်စရာကောင်းလှသည်။

လူများ သက်သောင့်သက်သာ ထိုင်နိုင်ရန်အတွက် နူးညံ့သော အောက်ခံအခင်းများနှင့်အတူ မှီရန်အတွက် ခေါင်းအုံးများ...။

အလယ်တွင် စားပွဲရှည်တစ်ခု ရှိသည်။

နံရံကို တစ်ချက်ကြည့်မိသည်။

နံရံတွင် တစ်စုံတစ်ခုအား အုပ်ထားသော ပန်းရောင် ပိတ်စကြီးတစ်ခု ရှိသည်။

သူ မျက်မှောင်ကြုတ်မိသည်။

မည်သို့ဆိုသော် ထိုအုပ်ထားသော အရာ၏ အောက်ဘက်တွင် စာရေးထား၏။

တစ်ဖက်ပါပုံစံအတိုင်း ဖြစ်သည်။

**အိပ်မက်အသစ်**

'နောက်ဆုံးမှ ဖွင့်ကြည့်ရန်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အခန်းတံခါးဖွင့်သံ ကြားလိုက်ရသည်။

"ဟင်...ကိုဖြိုးနဲ့ ဉာဏ်လင်းသူ"

သူ အံ့သြသွားသည်။ အခန်းထဲသို့ ဝင်လာသောသူ နှစ်ယောက်မှာ သူ့ရဲ့အချစ်ဆုံး ငယ်သူငယ်ချင်းနှစ်ဦး ဖြစ်ပြီး ဆယ်တန်းပြီးကတည်းက ကွဲကွာသွားခဲ့ခြင်းဖြစ်သည်။ သူတို့ နှစ်ယောက်မှာ တစ်ယောက်က နိုင်ငံခြားသင်္ဘောတက်သွားပြီး နောက်တစ်ယောက်မှာ နိုင်ငံခြားထွက်သွားခြင်းဖြစ်သည်။

"မင်းတို့ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"သိပ်မကြာသေးဘူး"

ဟု ကိုဖြိုးက ဝင်ထိုင်ရင်း ဖြေသည်။

"ဒီပွဲကို မင်းတို့ ဘယ်လိုလုပ် ရောက်လာတာလဲ"

"ငါတို့ ဖိတ်စာရလို့လေ"

"ဟာ"





အရာရာ အားလုံးသည် မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်နေသည်။

ကိုဖြိုးနှင့် ဉာဏ်လင်းသူက သူတို့ဖိတ်စာများကို ထုတ်ပြသည်။ ဟုတ်ပါသည်။ သူလက်ခံရရှိသော ဖိတ်စာနှင့် ချွတ်စွပ်ပင်တူနေသည်။ ကွဲပြားတာတစ်ခုသာရှိနေသည်။

သူက သူ့နာမည်နှင့် သူ့ပွဲကို ကိုယ်တိုင်အဖိတ်ခံရခြင်းဖြစ်သည်။

သူတို့ကတော့ ကိုယ့်နာမည်နှင့် သူတို့ ဖိတ်ကြားခံရခြင်းဖြစ်သည်။

"တီတူး"

ကိုဖြိုးက သူ့ကိုခေါ်သည်။

"အေး"

"မင်းမိန်းမရော"

"ဆုံးသွားပြီ"

"ဟေ..."

ကိုဖြိုးနှင့် ဉာဏ်လင်းသူမှာ ကွဲကွာသွားတာ တော်တော်ကြာပြီဖြစ်သောကြောင့် သူ့အကြောင်းကို သေချာမသိကြတော့...။

"ဒါဆို ဒီသုံးနှစ်မြောက် မင်္ဂလာဆည်ခံပွဲက



www.burmeseclassic.com

www.burmeseclassic.com



မင်းတစ်ယောက်တည်း လုပ်ရတာပေါ့”

“ဟင့်အင်း”

“ဘယ်လို”

“ဒီလိုပါ၊ ဒီပွဲကို ငါလုပ်တာ မဟုတ်ပါဘူး၊ ငါလည်းပဲ မင်းတို့လို ဖိတ်စာရလို့ လာခဲ့တာပါ”

“ဟင်”

သူ့သူငယ်ချင်းနှစ်ယောက်စလုံးမှာ တအံ့တဩဖြစ်ပြီး သူ့ကို မယုံမကြည်နှင့် ကြည့်နေကြသည်။ တီတူးက သူ့ဖိတ်စာကို ထုတ်ပြလိုက်သည်။

ထိုအခါမှပင် သူတို့နှစ်ယောက်မှာ ယုံသွားကြပြီး...

“ဒါဆို ဒီပွဲကို ဘယ်သူလုပ်တာလဲ”

“အင်း...ငါလည်း သေချာမသိဘူး၊ ဖြစ်နိုင်တာကတော့ ငါ့မိန်းမလုပ်တာပဲဖြစ်မယ်”

“မင်းမိန်းမက ဆုံးပြီပဲ၊ သူ ဘယ်လိုလုပ်နိုင်မှာလဲ”

“ငါ့မိန်းမက အကွက်ကျကျ စီစဉ်တတ်တယ်ကွ”

ဟုဆိုပြီး အသုဘနေ့က သံပရာရည်ဖျော်တိုက်ပုံ၊ အစားအသောက် ခက်ခဲမှာစိုးသောကြောင့် စီစဉ်ခဲ့ပုံများပါ ပြောပြ





လိုက်ရသည်။

သူ့သူငယ်ချင်းနှစ်ယောက်မှာ ငြိမ်ပြီးနားထောင်နေသည်။

“ဒီပွဲကို မင်းမိန်းမ စီစဉ်ခဲ့တာလို့ မင်းက ဆိုလိုတာပေါ့”

“ဖြစ်နိုင်ပါတယ်၊ အခု မင်းတို့နှစ်ယောက်အပြင် နောက်တစ်ယောက်ကိုလည်း ဖိတ်ထားသေးတယ်တဲ့”

“ဟုတ်လား၊ ဘယ်သူလဲ”

“မသိဘူး၊ ငါလည်း အဲ့ဒါကို စောင့်နေတာ”

ပြောရင်းဆိုရင်းနှင့်ပင် အခန်းတံခါး ပွင့်လာသည်။

သူတို့သုံးယောက်စလုံး တံခါးပေါက်ဆီသို့ လှည့်ကြည့်မိကြသည်။

သူ မသိသော အမျိုးသမီးတစ်ယောက် ဝင်လာသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## [ ၁၇ ]

"ကျွန်မနာမည်က မျိုးဆုဝေကြည်ပါ၊ ရွှေ့နေတစ်ယောက် ဖြစ်ပါတယ်"

ဟု ထိုအမျိုးသမီးက သူ့ကိုယ်သူ မိတ်ဆက်သည်။

ထိုစဉ် လူများစုံပြီဖြစ်သောကြောင့် စားစရာများ လာချနေပြီဖြစ်သည်။

အခုအချိန်ထိ သူ့စိတ်ထဲတွင် အရာရာအားလုံးသည် ရှုပ်ထွေးနေဆဲဖြစ်သည်။

"ဒီပွဲကို ဘယ်သူ..."

"ဟုတ်ပါတယ်၊ ကွယ်လွန်သွားတဲ့သူရဲ့ဆန္ဒအရ ဒီပွဲလေးကို ကျွန်မက ပြုလုပ်ပေးရခြင်း ဖြစ်ပါတယ်"

"ကျွန်တော့်ဇနီးကို ပြောတာလား"





"သေချာတာပေါ့"

ထို့နောက် ဘာစကားမှ ဆက်မပြောဖြစ်ကြတော့ဘဲ စားသောက်စရာများ စားကြတော့၏။

"နေပါဦးဗျ၊ ကျွန်တော်တို့ကို ဘာရည်ရွယ်ချက်နဲ့ ဖိတ်တာလဲ"

ကိုဖြိုးက ရွှေ့နေမလေးကို ဝင်မေးသည်။

သူလည်း သိချင်နေသော မေးခွန်းဖြစ်သည်။ ထို့ကြောင့် ရွှေ့နေမလေးက ဘာဖြေမလဲဟု နားစွင့်လိုက်သည်။

"အရင်စားလိုက်ပါဦးလား၊ စားစရာတွေလည်း စုံနေပြီပဲ"

ဟုဆိုပြီး ရွှေ့နေမလေးက အအေးခွက်လေးကို မ,ပြီး တို့(စ်)လုပ်လိုက်၏။

"သုံးနှစ်မြောက် မင်္ဂလာပွဲအတွက်"

အားလုံးကိုယ်စီ ခွက်များကိုမြှောက်လိုက်၏။

ထို့နောက် သုံးနှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အတွက် စားကြသောက်ကြ၏။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၁၈ ]

အားလုံးစားပြီးသောအခါတွင် ရှေ့နေမလေးက သူ့အိတ်ထဲမှ ကစ်စုံတစ်ခုထုတ်ပြီး သူ့ရှေ့သို့ ထိုးပေးသည်။

စာချုပ်တစ်စုံဖြစ်သည်။

"ဒါ...ဘာလဲဟင်"

"ရှင့်ဇနီးရဲ့ ပိုင်ဆိုင်မှုတွေပါ၊ ရှင့်ကို စာချုပ်စာတမ်းနဲ့ လွှဲပေးထားတာပါ"

"အို..."

သူ စာချုပ်ကိုတစ်လှည့်၊ ရှေ့နေမလေးကိုတစ်လှည့် ကြည့်နေမိသည်။

နှယ်က သူမပိုင်ဆိုင်မှုတွေ လွှဲပေးသွားတယ်တဲ့။

သူမက သူသိသော ပိုင်ဆိုင်မှုအပြင် ဘာတွေရောပိုင်ဆိုင်လို့လဲ ...။



"လုံးချင်းတိုက်တစ်လုံးရယ်၊ မြေကွက်တစ်ကွက်ရယ်၊ ကုမ္ပဏီမှာထည့်ဝင်ထားတဲ့ ရှယ်ယာတွေရယ်ပါ"

ရှေ့နေမက ဆက်ရှင်းပြသည်။

သူ ဘာမှမကြားတော့။ သူ အိမ်ထောင်ကျနေစဉ် အတောအတွင်းမှာ ဘာကြောင့် သူ ဒါတွေမသိရတာလဲ...။

"ရှင့်ဇနီးနှယ်ဟာ လွန်စွာအံ့ဩဖို့ကောင်းပြီး ထူးထူးဆန်းဆန်းတွေလည်း လုပ်တတ်တဲ့ မိန်းမတစ်ယောက်ပါ"

ရှေ့နေမလေးစကားကို သူ ခေါင်းညိတ်လိုက်လား၊ မညိတ်လိုက်လား သူမသိ။

သို့သော် ထိုစကားကိုတော့ သူ လက်ခံသည်။

နှယ်သည် အခုအချိန်ထိ ထူးဆန်းမှုတွေ ဆက်လက်ပေးနိုင်စွမ်းရှိသော မိန်းမပျိုတစ်ဦးပင်ဖြစ်သည်။

သူ စာချုပ်ကို ဖတ်ကြည့်မိသည်။

ရှေ့နေမလေး ပြောသွားသည့် ပိုင်ဆိုင်မှုများအား သူ့ထံသို့ လွှဲပေးကြောင်း ရေးထား၏။ အသိသက်သေ နေရာတွင် သူ့သူငယ်ချင်း ကိုဖြိုး၏နာမည်ကို ထိုးထား၏။

"ဪ...သူက ကိုဖြိုးကိုတောင် အသိသက်သေ



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးဖို့ ခေါ်ထားတာကိုး"

ဟု ရေရွတ်မိ၏။

"ဟုတ်ပါတယ်၊ ဒါတွေအားလုံးဟာ ရှင့်ဇနီး ဖြစ်ကဲ့ 'မနွယ်ဖြူ'က စီစဉ်ခဲ့တာပါ"

ဟုဆိုပြီး စာချုပ်အား လှမ်းယူကာ...

"ဒီနားမှာ လက်မှတ်လေးထိုးပေးပါ"

ဟု ရှေ့နေမလေးက ဆို၍ သူ လက်မှတ်ထိုးပေးလိုက်သည်။

ကိုဖြိုးကလည်း အသိသက်သေနေရာတွင် လက်မှတ်ထိုးပေး၏။

ထို့နောက် ရှေ့နေမလေးက...

"ကဲ...ကျွန်မကို ဘာများ မရှင်းတာမေးဦးမလဲ"

သူ ခေါင်းခါပြလိုက်သည်။

ယခုအချိန်တွင် သူ့အတွက် မေးခွန်းမရှိဖြစ်နေသည်။

"ဒါဆို ကျွန်မကို ခွင့်ပြုပါဦး၊ ဒါ ကျွန်မရဲ့ လိပ်စာပါ၊ လိုအပ်ရင် ဆက်သွယ်လိုက်ပါ"

ဟုဆိုပြီး ကတ်လေးတစ်ကတ် ထုတ်ပေး၏။

ထို့နောက် သူမသည် သူတို့စားပွဲမှ နှုတ်ဆက် ထွက်ခွာသွားလေ၏။





သူမထွက်ခွာသွားပြီး ခဏကြာသည့်တိုင်အောင် သူတို့သုံးယောက်မှာ စကားမပြောဖြစ်ကြချေ။

သူ ငိုင်နေ၍ သူ့သူငယ်ချင်းနှစ်ယောက်က စကားမပြောခြင်း ဖြစ်နိုင်ပါသည်။ ထိုစဉ်...

■



www.burmeseclassic.com

www.burmeseclassic.com



[ ၁၉ ]

“မင်းမိန်းမနဲ့ မင်း ဘယ်လိုတွေ့တာလဲကွ”

သူ့သူငယ်ချင်း ဉာဏ်လင်းသူက ထမေးသည်။

ကိုဖြိုးနှင့် ဉာဏ်လင်းသူမှာ ၁၀ တန်းပြီးကတည်းက ကွဲကွာသွားခဲ့သော သူငယ်ချင်းများ ဖြစ်သောကြောင့် သူနှင့် နွယ်ဖြူ အကြောင်းကို သေသေချာချာမသိသောသူများ ဖြစ်ကြသည်။

“နောက်ပြီး ငါ မရှင်းတာတစ်ခု ရှိသေးတယ်”

“ဘာလဲ”

ကိုဖြိုး၏အပြောကို သူက မေးလိုက်သည်။

“မင်းသူငယ်ချင်းဖြစ်တဲ့ ငါတို့နှစ်ယောက်ကို မင်းမိန်းမက မမြင်ဖူးဘဲနဲ့၊ ငါတို့ ဒီနေ့ ဒီရက် မြန်မာနိုင်ငံမှာ ရှိမယ်ဆိုတာတွေ သိပြီး ဘယ်လိုများ ဖိတ်လဲဆိုတာ သိချင်တာ”





တီတူးလည်း ထိုကိစ္စကို စဉ်းစားနေခြင်းဖြစ်သည်။

နွယ်ဖြူက ဘာကြောင့် သူ့သူငယ်ချင်းတွေကို ရန်ကုန်မှာ ဒီနေ့ ဒီရက်မှာ ရှိနေမယ်လို့ သိရတာလဲ။

“ဖြစ်နိုင်တာတစ်ခုက ငါ မင်းတို့အကြောင်းတွေ ပြောပြဖူးတယ်ကွ၊ ငါ့ရဲ့ငယ်သူငယ်ချင်းတွေဖြစ်တဲ့ မင်းတို့အကြောင်းကို သူက သိထားတယ်လေ၊ မင်းတို့ လိပ်စာတွေလည်း ငါ့မှာရှိတော့ မင်းတို့မိသားစုတွေဆီ သူစုံစမ်းထားပြီး ဒီနေ့ဒီရက် ကြုံလို့ ဖိတ်လိုက်တာ ဖြစ်မှာပေါ့”

“အင်း…ဖြစ်နိုင်တယ်”

ကိုဖြိုးက ထောက်ခံသည်။

ဉာဏ်လင်းသူက…

“ဒါဆို မင်းမိန်းမက မင်းကို တော်တော်ချစ်မှာပဲ”

ဉာဏ်လင်းသူ၏စကားကြောင့် သူ သက်ပြင်းဖွဖွလေးချမိသည်။

“သူက ငါ့ကို တော်တော်လေးချစ်တယ်လို့ ဆိုရမှာပေါ့၊ ပြီးတော့ သူက ငါ့အတွက် အရမ်းထူးဆန်းတဲ့ မိန်းမပျိုလေးတစ်ယောက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ပြီး သူမနဲ့ စတွေ့တဲ့ 'မြန်မာဗွီဒီယို ဖိုက်တင်ငါး'အကြောင်းထိ ပြောပြလိုက်သည်။

"အဲဒီနောက် ဘာဆက်ဖြစ်ကြလဲ"

ကိုဖြိုးက စိတ်ဝင်တစားမေးသည်။

"သူနဲ့ ငါနဲ့ ကြိုက်သွားခဲ့ကြတယ်၊ ကျောင်းပြီးတော့ လက်ထပ်လိုက်ကြတယ်"

"အခုတော့ သူက ငါ့ကို တစ်ခုပြီးတစ်ခု အံ့သြမှုတွေပေးနေတယ်"

"ဘာပဲပြောပြောကွာ၊ မင်းမိန်းမ အခုလုပ်နေတာတွေက အကြောင်းမဲ့သက်သက်တော့ မဟုတ်နိုင်ဘူးကွ"

"အင်း...ငါလည်း အဲဒီလိုထင်ပါတယ်၊ ဒါပေမဲ့ ဘာ့ကြောင့် ဒီလိုလုပ်ခဲ့တာလဲဆိုတာ ငါမသိဘူးဖြစ်နေတယ်"

"ငါ တစ်ခုမေးပါရစေ တီတူး"

"မေးလေ"

"မင်းမိန်းမ ဘာကြောင့် ဆုံးသွားရတာလဲ"

ထိုစကားကြောင့် တီတူးမှာ အနည်းငယ်ငြိမ်သက်သွားသည်။





"ကင်ဆာရောဂါနဲ့ ဆုံးသွားတာပါ။ ဒါပေမဲ့ အဲဒီရောဂါ ရှိနေတာကို သူဆုံးခါနီး သုံးလအလိုလောက်မှ ငါသိတာပါ၊ သူက ငါ့ကို ဖုံးကွယ်ထားခဲ့တယ်"

"ဒါဆို သူက သူသေမယ့်ရက်ကို ခန့်မှန်းသိနေတာပေါ့"

"အင်း..."

"ဒါကြောင့် သူက မင်းအတွက် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်သွားနိုင်တာပေါ့"

သူ့သူငယ်ချင်းနှစ်ယောက်က သူ့ကိုတွေဝေငေးမောစွာဖြင့်ကြည့်နေကြသည်။

ထိုစဥ် နံရံပေါ်မှ 'နောက်ဆုံးမှ ဖွင့်ကြည့်ရန်'ဟူသောစာအား သတိရသွားပြီး...

"တီတူး"

"ဟင်...ဘာလဲ"

"ငါတို့ ဖွင့်ကြည့်ရင် ကောင်းမယ်ထင်တယ်"

"အေး...ငါလည်း ဖွင့်ကြည့်ချင်နေတာ၊ ရှေ့နေမလေးကလည်း ဒါနဲ့ပတ်သက်လို့ ဘာမှမပြောသွားဘူး၊ ဖွင့်ကြည့်ရအောင်၊ ငါတို့ပွဲကလည်း နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီပဲ”

ဤသို့ဖြင့် တီတူးက ‘နောက်ဆုံးမှဖွင့်ကြည့်ရန်’ ဟူသော ပိတ်စအား ဆွဲချလိုက်သည်။


“အို…”

စာသားနှင့်ပုံ တွဲရေးထားသော တစ်ဖက်ပါပုံစံအား တွေ့ရ၏။





တစ်ဖက်ချောက်ကမ်းပေါ်တွင် ချောမောလှပသော ကောင်မလေးတစ်ယောက် မတ်တတ်ရပ်နေ၏။



ဤတွင် ဒီဘက်ချောက်ကမ်းတွင် ကောင်လေးတစ်ဦး ရောက်လာကာ တစ်ဖက်ချောက်ကမ်းရှိ ကောင်မလေးရှိရာဆီသို့ ခုန်ကူးသွားရန် ကြိုးစား၏။

ထို့နောက် ခုန်ကူးလိုက်သည်။


သို့သော်…



www.burmeseclassic.com

www.burmeseclassic.com





တစ်ဖက်ကမ်းသို့မရောက်ဘဲ ချောက်ထဲကျသွား၏။

ထိုစဉ် နောက်ထပ်ကောင်လေးတစ်ယောက် ရောက်လာပြန်သည်။

သူလည်းပဲ ထိုကောင်မလေးရှိရာ ချောက်ကမ်းသို့သွားရန်ဖြစ်၏။

သူက ဟိုတစ်ယောက်လို ခုန်ကူးရန် မကြိုးစား...။






ဝါးလုံးတစ်ချောင်းယူကာ တံတားထိုးရန်လုပ်၏။

ဝါးလုံးပေါ်မှ လမ်းလျှောက်ကာ ကောင်မလေးရှိရာ ချောက်တစ်ဖက်ကမ်းသို့ လှမ်းသွားလိုက်သည်။

သို့သော် လမ်းတစ်ဝက်မှာပင် ဝါးလုံးကျိုးသွားသည်။

သူလည်းပဲ ချောက်ထဲပြုတ်ကျသွားသည်။



နောက်ထပ်ရောက်လာသော သူကတော့ ဉာဏ်ကောင်းသည်။

ကောင်မလေးဆီသို့ တစ်ဖက်ကမ်းမှနေ၍ တုတ်ဖြင့်ထောက်ကာ ခုန်ကူးသွားရန် ကြိုးစားသည်။

ခုန်ကူးလိုက်သည်။



www.burmeseclassic.com


www.burmeseclassic.com



အရှိန်နည်းသွားသောကြောင့် တစ်ဖက်ကမ်းသို့ မကျဘဲ အစွန်းအား ကုတ်မိသည်။

သူ ကြိုးစားပြီးတက်၏။

ရသွားပြီ။




သူတက်လို့ရသွားပြီ။

သူက ကောင်မလေးဆီ လှမ်းသွားဖို့ ခြေလှမ်းပြင်လိုက်သည်။


သို့သော် ကျန်သည့်တစ်ဖက်ကမ်းတွင် နောက်ရောက်လာသော သူက အုတ်ခဲနှင့်ကောက်ထုလိုက်ရာ ထိုလူမှာ ကောင်မလေးရှေ့တွင် ပုံလဲကျသွား၏။







ဤတွင် တစ်ဖက်ကမ်းမှ ကောင်လေးက ကောင်မလေးဆီသို့ မသွားသေးဘဲ မည်သည့်နည်းလမ်းဖြင့် ကူးသွားရမည်ကို စဉ်းစားနေသည်။





www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်

ကောင်လေး အကြံတစ်ခုရသွားသည်။

ထို့ကြောင့် ကောင်မလေးရပ်နေသည့် တစ်ဖက်ကမ်းသို့ လှမ်းအော်ပြောလိုက်သည်။






www.burmeseclassic.com

www.burmeseclassic.com

ညတွင် ကောင်မလေးသည် ကောင်လေ ရှိရာ တစ်ဖက်ကမ်းသို့ ခုန်ကူးလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



[ ၂၀ ]

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ထို့နောက် သဘောကျစွာဖြင့် တစ်ယောက်ကိုတစ်ယောက် ပြုံးပြလိုက်ကြသည်။ သို့သော် ပုံတွေ၏ အဓိပ္ပာယ်ကိုသာ နားလည်ပြီး သူ့မိန်းမ ဘာကိုဆိုလိုမှန်း မသိ...။

"ဒီမှာ နောက်စာရွက်တစ်ရွက် ရှိသေးတယ်ဟ"

ကိုဖြိုး၏စကားကြောင့် တီတူးသည် နောက်စာရွက်တစ်ရွက်အား ခပ်မြန်မြန်လှန်လိုက်သည်။

စာကို တွေ့ရသည်။

မောင်...

နွယ်နဲ့မောင်တို့ဟာ ငွေရေးကြေးရေးကို ကြည့်ပြီး လက်ထပ်ခဲ့တာ မဟုတ်ဘူးဆိုတာ မောင်သိပါတယ်။





မောင်ရေ...

မောင့်ကို နွယ် အရမ်းချစ်ခဲ့ပါတယ်။ မောင်လည်း နွယ့်ကို ချစ်လိမ့်မယ်လို့ ထင်ပါတယ်။

ပြီးတော့ နွယ့်ကို တစ်ခုတော့ ခွင့်လွှတ်ပါ မောင်...။

မောင်နဲ့ နေစဉ်ကာလအတွင်းမှာ နွယ့်ဘက်က မပွင့်လင်းဘဲ ထိန်ချန်မှုတွေ ရှိခဲ့တာကိုတော့ နွယ် တောင်းပန်ပါတယ်။

ဒါတွေက မောင့်အတွက်ပါ...။

နောက်မှတွေ့မယ် မောင်...။

ချစ်တဲ့
နွယ်

သူ သက်ပြင်းငွေ့ငွေ့လေး ချမိသည်။ ဘေးနားက သူ့သူငယ်ချင်းနှစ်ယောက်ကလည်း နွယ်ရေးထားသည့် စာကို ကြည့်ပြီး တအံ့တဩတွေဖြစ်နေသည်။

လက်ရေးနှင့်ပုံတွေအားလုံးသည် နွယ့်လက်ရာတွေဖြစ်သည်။

သူမဆုံးခင်မှာ စီစဉ်ခဲ့ပုံရသည်။

ထို့ပြင် စာ၏အဆုံးတွင်လည်း ပုံလေးတစ်ပုံ ထပ်တွေ့ရသည်။




www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနှင့် ကောင်မလေးတို့ ချောက်ကမ်းပါးအလယ်တွင် နှစ်ဦးသဘောတူ တွေ့နေပုံဖြစ်သည်။







[ ၂၁ ]

“မင်းမိန်းမကတော့ တကယ်အံ့သြဖို့ကောင်းတယ် တီတူး”

ဉာဏ်လင်းသူက သူ့စတိုင်အတိုင်း ခေါင်းလေးခါခါဖြင့် ဝင်ပြောသည်။

သူလည်း ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်တယ်လို့ ပြောရမှာပဲ သူငယ်ချင်း”

“ဘာဖြစ်လို့လဲ”

“သူနဲ့ အတူရှိနေတုန်းကတောင် သူက ငါမသိအောင် အံ့သြမှုတွေ၊ နောက်ပြောင်မှုတွေနဲ့ ငါ့ကို စသေးတယ်ကွ”

“ဩော်...”

“ငါထင်တယ်၊ သူက သူသေတော့မှာ သိတဲ့အတွက် ပျော်ရွှင်မှုတွေ၊ သူလုပ်ချင်တဲ့ကိစ္စတွေကို အကုန်လုပ်သွားခဲ့တာထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ သူ့မျက်ဝန်းစွတ်စိုနေတာကို သတိထားမိသည်။

နွယ်ရှိနေတုန်းက သူ ကောင်းစွာဂရုမစိုက်ခဲ့မိဘူးဟုလည်း တွေးရင်း ကြေကွဲမိသည်။

"ဒါဆို...မင်းမိန်းမက အခုလောက် ပိုက်ဆံ ရှိမှန်း မင်း မသိဘူးပေါ့"

"အင်း...ငါသိတာက ကုမ္ပဏီတစ်ခုမှာ ဝန်ထမ်း အဖြစ် အလုပ်လုပ်နေတာပဲသိတာ"

"ဟာ..."

သူ့သူငယ်ချင်းနှစ်ယောက်မှာ သူ့ကို မယုံမကြည်နဲ့ ကြည့်နေကြသည်။

တကယ်တော့ သူသည် ထိုသုံးနှစ်မှာ သူမအကြောင်း ဘာမှ မသိခဲ့သော ယောကျ်ားတစ်ယောက်သာဖြစ်သည်။

"မင်းတို့ ယုံချင်မှ ယုံမယ် သူငယ်ချင်း"

သူ့သူငယ်ချင်းနှစ်ယောက်က ဘာမှပြန်မပြော...။

သူက ဆက်ပြောလိုက်သည်။

"ဥပမာပြောရရင် ငါနဲ့ သူနဲ့ လက်ထပ်ပြီး တစ်နေ့မှာပေါ့..."

■





[ ၂၂ ]

သူနေသော အိမ်နှင့် ဆိုင်သည် များစွာမဝေးလှချေ။ ထို့ကြောင့် ဆိုင်သို့ လမ်းလျှောက် ထွက်လာခဲ့သည်။

နွယ်ကတော့ ရုံးသွား၏။ ထို့ကြောင့် အိမ်မှာ တစ်ယောက်တည်း ပျင်းပျင်းရှိတာကြောင့် အလုပ်သို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ယနေ့ နေသိပ်မပူကြောင်း သတိထားမိသည်။ ထို့ကြောင့် အိမ်မှ အလုပ်သို့ သွားရာလမ်းသည် အေးအေးချမ်းချမ်းရှိလှသည်။

လူများလည်း ရှင်းနေ၏။

ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်လာခဲ့ရာ တစ်နေရာအရောက်တွင် ထူးဆန်းသောမြင်ကွင်းကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးဆန်းသည်ဟုဆိုတာထက် အမြင်ဆန်းသည်ဟုဆိုလျှင် ပိုမှန်ပေလိမ့်မည်။

မည်သို့ဆိုသော် သပ်သပ်ရပ်ရပ်ဝတ်စားထားသော အဘိုးအို တစ်ဦးသည် လမ်းဘေးတွင် ရှိက်ကြီးတငင် ငိုနေခြင်းဖြစ်သည်။

သူသည် အခြေအနေမဲ့တစ်ဦး မဟုတ်ပါ။ တစ်စုံတစ်ခု ကြောင့် ငိုနေခြင်းပုံစံသာ ဖြစ်သည်။

ထို့ကြောင့် တီတူးလည်း သူ့ဗီဇအတိုင်း စိတ်ဝင်စားသွား ပြီး...

"အဘိုး"

ဟု ခေါ်လိုက်သည်။

အဘိုးအိုက ငိုနေရာမှ သူ့ကို မော့ကြည့်သည်။ သို့သော် ဘာစကားမှ မဆိုဘဲ ဆက်ငိုနေသည်။

သူညစ်သွား၏။

"ဘာများအကူအညီပေးရမလဲ"

ဟု ထပ်မေးပိုက်ပြန်သည်။

အခုအချိန်မှာ အလုပ်သွားခြင်း မသွားခြင်းသည် အကြောင်း မဟုတ်သောကြောင့် အကူအညီလိုရင် ပေးရအောင်ဟုသာ မေး လိုက်ခြင်းဖြစ်သည်။

"ဘယ်လိုပြောရမှန်း မသိပါဘူး သားရယ်"





အဘိုးအိုက စကားစသည်။

ဘာရယ်ညာရယ်မဟုတ်...။ တီတူးလည်း ပျင်းပျင်းရှိတာ အဘိုးအိုနား ဝင်ထိုင်လိုက်လေသည်။

သူသည် ဤသို့သောကိစ္စများကို စိတ်ဝင်စားသူဖြစ်သည်။

"ပြောပါဦး၊ ဘယ်လိုဖြစ်လို့လဲ အဘိုးရဲ့၊ ကျွန်တော် ကူညီလို့ရရင် ကူညီပါ့မယ်"

အဘိုးအိုက ငိုနေရာမှ အသံတိတ်သွားသည်။

ထို့နောက် သူ့ကိုမကြည့်ဘဲ...

"လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက အဘိုး ထီပေါက်တယ်"

"ဟာ...ကောင်းတာပေါ့ အဘိုးရဲ့"

သူ တကယ်လည်း အဘိုးအိုစကားကြောင့် ပျော်သွားသည်၊ ပြီးနောက်...စိတ်လည်း စိတ်ဝင်စားသွားသည်။

"နောက်ပြီး...ငါ့ဇနီး သေတာကလည်း ကြာ ပြီဖြစ်တာကြောင့် ငါလည်း နောက်မိန်းမ ယူမယ်လို့ စဉ်းစားလိုက်တယ်"

"အင်း...ဒါလည်း ကောင်းတာပဲ"

သူကလည်း အဘိုးအိုကို သေချာမကြည့်၊ အဘိုးအိုကလည်း သူ့ကို သေချာမကြည့်ဘဲ လမ်းပလက်ဖောင်းပေါ်တွင် ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေကြခြင်း ဖြစ်သည်။

နေရိပ်သောနေရာလည်း ဖြစ်တာကြောင့် အေးအေးဆေး ဆေး ရှိလှသည်။ ထို့ပြင် သူကလည်း အဘိုးအိုအကြောင်းကို စိတ်ဝင်စားနေသည်။

ဘာကြောင့် အဘိုးအို ငိုနေရတာလဲ...။

"အဲ့ဒါနဲ့ ကံကောင်းတယ် ပြောရမလား မသိဘူး၊ မိန်းမငယ်ငယ်ချောချောလေး ရတယ်"

"ဟာ...ဟ"

တယ်ဟုတ်ပါလားဟု တွေးမိလိုက်သည်။ ဒါနဲ့တောင် လမ်းဘေးမှာ ဘာကြောင့် ထိုင်ငိုနေရတာလဲ။

ဒါနဲ့ သူလည်း အဘိုးအိုကို မေးလိုက်သည်။

"ဘာလဲ...အဘိုးရတဲ့ မိန်းကလေးက မလိမ္မာဘဲနဲ့ အသုံးအဖြုန်း အရမ်းကြီးလို့ ငိုနေတာလား"

ဖြစ်သင့်ဖြစ်နိုင်သောကိစ္စ ဖြစ်တာကြောင့် မေးလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ပါဘူး၊ ကောင်မလေးက အရမ်းတော်ပါတယ်၊ အဘိုးအပေါ်လည်း အနွံတာခံပါတယ်၊ အသုံးအဖြုန်းလည်း မကြီးပါဘူး၊ နာမည်လေးကလည်း 'ခေမာ'တဲ့၊ ရုပ်ရော လူရော ချစ်စရာလေးပါ"





"ဒါဆို သူက အခြားလူတစ်ယောက်နဲ့ ဖောက်ပြန်နေလို့လား"

"ဖောက်ပြန်ဖို့ နေနေသာသာ အိမ်ထဲက အိမ်ပြင်မထွက်လို့ ထွက်ပါ၊ သွားပါ၊ ဝယ်ပါ၊ ခြမ်းပါလို့ အဘိုးက တိုက်တွန်းနေရတာ"

"ဩော်..."

"သူနဲ့ ခြံကျယ်ကျယ်ဝန်းဝန်းနေရအောင်ဆိုပြီး ခြံကျယ် အိမ်ကြီးတစ်အိမ် ဝယ်လိုက်သေးတယ်"

"အင်း"

"တော်တော်ကောင်းတဲ့အိမ်ကွ၊ အထဲမှာ အိမ်တွင်းပစ္စည်းတွေအားလုံး အပြည့်အစုံပဲ၊ အိမ်က ကြီးတော့ အိမ်ဖော်တွေဘာတွေ ခေါ်ခန့်ထားတာပေါ့"

သူတောင် အားကျသွားသည်။

ဟုတ်မှဟုတ်ရဲ့လား၊ ရှုးများရှုးနေတာလားလို့ တွေးထင်လိုက်မိပြီး အဘိုးအိုအား သေချာကြည့်မိသည်။

အဘိုးအို၏ပုံစံမှာ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဖြစ်တာကြောင့် ဝေခွဲမရဖြစ်သွားသည်။

"အခု တစ်ယောက်တည်း လမ်းလျှောက်ထွက်မလို့ဆိုပြီး မနက်ကတည်းက ထွက်လာတာ အခုထိပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့"

အဘိုးအိုက သူ့စကားအား အဆုံးသတ်လိုက်သည်။

"ဟင်... အဘိုးပြောတဲ့အထဲမှာ စိတ်ညစ်စရာတွေ မပါဘဲနဲ့ ဘာကြောင့် ငိုနေရတာလဲ"

အဘိုးအိုက သူ့ကို တစ်ချက်ကြည့်သည်။

ထို့နောက် ဝမ်းနည်းပုံပေါက်သွားပြီး ရှိုက်ကြီးတငင်ငိုကာ...

"ဟီး...ဟီး...ပထမလမ်းလျှောက်နေတုန်းက အကောင်းကွ၊ အခု လမ်းလျှောက်နေရင်းနဲ့ အဘိုးနေတဲ့အိမ် ဘယ်မှာဆိုတာကို မမှတ်မိတော့လို့...ဟီး ...ဟီး"

"ဟာ..."

■



[ ၂၃ ]

စကားဆုံးတော့ တီတူးသူငယ်ချင်းနှစ်ယောက်လုံးက ဝိုင်းရယ်ကြသည်။

"အဘိုးကြီးက သူ မိန်းမနာမည်တို့ အကြောင်းအရာအားလုံးတို့ကျတော့ မှတ်မိပြီး ဘယ်မှာနေတယ်ဆိုတာ မမှတ်မိဘူး...ဟား...ဟား...သူ့နှယ် ဒုက္ခကွာ"

ကိုဖြိုးက ရယ်လည်းရယ်၊ ပြောလည်းပြောသည်။

တီတူးကတော့ ပြုံးရုံတင်ပြုံးရသည်။

"ဒါနဲ့ နောက်တော့ အဲဒီအဘိုးကြီး ဘယ်လိုဖြစ်သွားလဲ"

ဉာဏ်လင်းသူ၏အမေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တီတူးကလည်း ရှေ့ရှိ အအေးခွက်လေးအား ကောက်ကိုင်လိုက်ရင်း...

"ဘယ်လိုမှ မဖြစ်ဘူးကွ"

"ဟင်...ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ငါ့မိန်းမက ငါပျင်းမှာစိုးလို့ ဆိုပြီး အဲ့ဒီအဘိုးကြီးနဲ့ ပေါက်ကရ ပြောလို့ရအောင် ဆိုပြီး စီစဉ်ပေးထားတယ်၊ ငါလည်း ညနေ အိမ်ပြန်မှ သိရတယ်၊ အဘိုးကြီးကတော့ တော်တော်အပြောင်အပြက်ပြောတတ်တဲ့ လူကြီးကွ၊ ငါ့မှာ အဲ့ဒီတစ်နေ့လုံး ရယ်နေရတယ်"

"အိမ်ပြန်ရောက်တော့ မင်းမိန်းမက မင်းကို ဘယ်လိုပြောလဲ"

"မောင်...အဘိုးအိုက ရယ်ရလားတဲ့"

"ဟင်..."

"အဘိုးကြီးနာမည်က ဦးအုန်းကွ၊ ငါ့မှာ အဲဒီတုန်းက ငါ့မိန်းမကို ကြောင်တောင်တောင်နဲ့သာ ကြည့်နေနိုင်တယ်၊ ပြီးတော့ ငါ့မိန်းမကို တော်တော်လည်း ချစ်သွားတယ်"

ပြောရင်းပြောရင်းနဲ့ တီတူးပုံစံက စိတ်မကောင်းသည့်ပုံစံပြောင်းသွားသည်။

သူ့မိန်းမကို သတိရလိုက်၍ဖြစ်သည်။

သူ့သူငယ်ချင်းနှစ်ယောက်ကလည်း သက်ပြင်းကိုယ်စီချပြီး ငြိမ်သက်နေလိုက်ကြသည်။

ခဏကြာသောအခါတွင် တီတူးက...

"ပြန်ရအောင်"

ဟု ပြောလိုက်လေ၏။

■







www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

အိမ်ပြန်ရောက်တိုင်း သူ့ဘဝသည် အထီးကျန်နေသလို ခံစားရသည်။ အခုလည်း အိမ်ပြန်ရောက်သောအခါတွင် ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေသည်။

ထို့ကြောင့် ပျင်းပျင်းရှိတာကြောင့် အခွေထိုင်ကြည့်နေလိုက်သည်။

အခွေမှာ ရိုးရိုးအချစ်ဇာတ်လမ်းဖြစ်ပြီး စကားပြောခန်းများသောကြောင့် မကြည့်ချင်တော့ဘဲ ပိတ်လိုက်သည်။

ဘာလုပ်ရမလဲ။

ဆိုဖာပေါ်ထိုင်နေရင်းနဲ့ အတွေးထဲမျောနေလိုက်သည်။

ခဏကြာတော့ တွေးနေရတာကိုပင် ပျင်းသလိုဖြစ်လာပြန်သည်။ ထို့ကြောင့် ထိုင်ရာမှထကာ ဟိုဟိုဒီဒီ လျှောက်နေလိုက်သည်။





ထိုသို့လမ်းလျှောက်နေရင်းပင် နွယ်ရှိစဉ်တုန်းက ပြုလုပ်ထားခဲ့သော စာဖတ်ခန်းရှေ့သို့ ရောက်သွားသည်။

ထိုစာဖတ်ခန်းသည် နွယ်တစ်ဦးတည်း အသုံးပြုတာ များသည်။

သူက ရံဖန်ရံခါမှ အသုံးပြုသည်။

ဘာရယ်ညာရယ်မဟုတ်၊ ပျင်းပျင်းရှိတာနဲ့ စာအုပ်တစ်အုပ်လောက် ဖတ်ရင် ကောင်းမယ်ဟု တွေးမိလိုက်သည်။

တံခါးကို ဖွင့်လိုက်၏။

ရနံ့အချို့က နှာခေါင်းဝသို့ လာရိုက်သည်။

စာအုပ်များမှ ထွက်ပေါ်လာသော အနံ့တစ်မျိုးဖြစ်သည်။

နွယ်သည် စာဖတ်ဝါသနာပါသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။ သူမ ရှိစဉ်တွင် စာအုပ်စာတမ်းပေါင်းများစွာ ဝယ်ယူကာ သူမတွင်ရှိနေသည့် စာအုပ်များနှင့် ပေါင်း၍ စာကြည့်ခန်းလေးအား တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သူ စာအုပ်စင်ပေါ်မှ စာအုပ်တစ်အုပ်ကို လှမ်းယူလိုက်သည်။

'နွယ်'ကြိုက်သော နိုင်ငံတကာပုံပြင်စာအုပ်လေးတစ်အုပ် ဖြစ်သည်။

သူယူလိုက်သော စာအုပ်ရှိသည့်အတန်းသည် နွယ် ကြိုက်သော စာအုပ်များသာထားသည့်အတန်းလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစာအုပ်တန်းထဲမှ နောက်တစ်အုပ် ယူရန်အတွက် စာအုပ်များကို လိုက်ကြည့်နေမိသည်။

ထိုစဉ်…

အနက်ရောင်စာအုပ်လေးအား တွေ့လိုက်ရသည်။

စာအုပ်များကြားတွင် မှတ်စုစာအုပ်လေး ရှိနေခြင်းကြောင့် ဘာစာအုပ်လေးပါလိမ့်ဟု တွေးရင်း စာအုပ်စင်ထဲမှ ထုတ်လိုက်သည်။

ပြီးနောက် ပထမဆုံးစာရွက်ကို လှန်လိုက်၏။

နွယ့်လက်ရေးဖြင့် ရေးထားသော ဒိုင်ယာရီလိုလို စာအုပ်။

သူ စိတ်ဝင်စားသွားသည်။

အတိတ်ကို ပြန်ရောက်သွားသလိုလည်း ခံစားလိုက်ရသည်။

သူ မသိခဲ့ရသော အကြောင်းအရာများ…။

■





[ ၂၅ ]

ကင်တင်းတစ်ခုတွင် နွယ်ဖြူသည် သူငယ်ချင်းများနှင့် စကားပြောနေ၏။ သူကိုဝိုင်းထဲတွင် နွယ်ဖြူ့စကားသံဟာ အကျယ်ဆုံး ဖြစ်ပေလိမ့်မည်။

သူက ဗဟုသုတစုံတော့ အကြောင်းအရာစုံသည်။ စိတ်ဝင်စားစရာလည်း ကောင်းလှသည်။

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းဖွဲ့ပြောကြ၏။

သူတို့ပြောသည့်အကြောင်းအရာမှာ အများအားဖြင့် ယောက်ျားလေး၊ မိန်းကလေးအကြောင်းများသာ ဖြစ်တတ်သည်။

အခုလည်း ထိုအတိုင်းပင်…။

"ဟိုတစ်နေ့က ငါတို့အသိ အဒေါ်ကြီးတစ်ယောက် အိမ်ကိုရောက်လာရော"

နွယ်ဖြူက စကားစလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက အပျိုကြီးဟဲ့၊ ဒီတော့ ယောကျ်ား အကြောင်း မိန်းမအကြောင်း ပြောဖြစ်ကာပေါ့ အံမယ်...သူပြောတော့လည်း ဟုတ်သလိုလိုရှိသာ ဟ"

"ဘာပြောလို့လဲ"

"သူကပြောတယ် ငါတို့မိန်းမတွေက အရမ်းသာတယ်တဲ့"

"အပျိုကြီးက အဲဒီလိုပြောတယ်"

"အင်း..."

"ဘာတွေသာတာလဲ"

"ငါတို့မိန်းမတွေက ယောကျ်ားတွေကို ဆွဲဆောင်ချင်ရင် အချက်နှစ်ချက်ပဲလုပ်ရတယ်တဲ့"

"မိုက်လှချည်လား"

"သူတို့ယောကျ်ားတွေက ငါတို့မိန်းကလေးတွေကို ဆွဲဆောင်ချင်ရင် အချက် (၁၃)ချက်တောင် လုပ်ရတယ်တဲ့"

"ဟင်...တကယ်ရောဟုတ်လား၊ ဘာတွေလဲ"

အားလုံးက ထိုကိစ္စကို အလုံးအရင်းနှင့် စိတ်ဝင်စားကြသည်။



နားစွင့်မှုအနေအထားအရ ကိုယ်ကိုပင် အနည်းငယ်ကိုင်းကြ၏။ နှယ်ဖြူပင် မသိမသာ ချောင်းဟန့်လိုက်ရင်း...

"အံမယ်...ဒါကျတော့ သိချင်နေလိုက်ကြတာ"

"အဟီး...ကောင်းတဲ့နည်းလမ်းဆို ယူမလို့ပါ ဟယ်"

"မကောင်းဘူးဟဲ့၊ သူ့နည်းလမ်းက"

"ကောင်းကောင်း မကောင်းကောင်း ပြောပြ ဟယ်၊ မှတ်ရတာပေါ့"

"အေး...ဒါဆိုလည်း ပြောပြပါမယ်"

ကောင်လေးက ကောင်မလေးကို ဆွဲဆောင်ရန်အတွက် လုပ်ချက် (၁၃)ချက်ကို ပြောပြသည်။

သူငယ်ချင်းတစ်ယောက်က ခဏနေဦးဟုဆိုပြီး စာအုပ်ကြီးထဲက လိုက်မှတ်၏။

ပြီးသွားသောအခါ...

"ဟဲ...ငါ့ကိုကြည့်ပေးပါဦး၊ ဟုတ်ရော ဟုတ်လားလို့"

ဟုဆိုပြီး သူမှတ်ထားသော စာအုပ်အား ထိုးပေး၏။

နှယ်ဖြူလည်း ကြည့်လိုက်သည်။

သူက သေသေချာချာ ခေါင်းစဉ်နဲ့ မှတ်ထားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးများက ကောင်မလေးများကို ဆွဲဆောင် ပြုလုပ်ချက် (၁၃)ချက်–

( ၁) သူမကို ချီးမွမ်းပေးပါ

( ၂) သူမကို ညင်သာစွာလေး အနမ်းပေးပါ

( ၃) သူမကိုပဲ ဂရုစိုက်

( ၄) သူမကိုပဲချစ်

( ၅) ကြင်နာစွာဆက်ဆံပါ

( ၆) သူမရှေ့ကနေ မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးပါ

( ၇) လက်လေးကိုင်ထား

( ၈) သူမအတွက်ပဲ ပိုက်ဆံတွေကိုသုံး

( ၉) ညစာတွေကို သူမနဲ့အတူစား၊ ဝိုင်လေးသော

(၁၀) သူမပြောသမျှပဲ နားထောင်၊ ပြန်မပြောနဲ့

(၁၁) လိုအပ်တဲ့အချိန်အတိုင်း သူမဘေးမှာရှိနေ

(၁၂) သူမလိုသမျှ ဖြည့်ဆည်းပေး

(၁၃) သေကပန်သက်တဆုံး သူမတစ်ယောက်တည်း လက်တွဲပါ။



နွယ်ဖြူက မှန်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီအဒေါ်အပျိုကြီး ပြောတာလည်း ဟုတ်တုတ်တုတ်ပဲဟ၊ အဟီး...ငါတို့တွေကလည်း ဒါလေးတွေ ကြိုက်တာပဲ"

နွယ်ဖြူ့သူငယ်ချင်းတစ်ယောက်က ဝင်နှောက်သည်။ သူမကတော့ ဟုတ်သည် မှန်သည် ပင်မပြော...။ ထိုစဉ် သူငယ်ချင်းတစ်ယောက်က...

"ဟဲ့...ငါတို့တွေကရော သူတို့ကို ဆွဲဆောင်ဖို့ ဘာလုပ်ရမှာလဲ"

"နှစ်ချက်ပဲလုပ်ရမယ်တဲ့"

"အေး...ဘာတဲ့လဲ"

နွယ်ဖြူကလည်း ခပ်တည်တည်ဖြင့် ထိုနှစ်ချက်ကို ပြော လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁) မလုံတလုံဝတ်

(၂) ထိုသို့ဝတ်ပြီး သူတို့ဆီ ဘီယာခွက်လေး ယူသွားလိုက်ကဲ...အဲဒီမှာ သူတို့က ကြိုက်ရော...။



နှယ်ဖြူ့စကားကို အားလုံး ဝိုင်းရယ်လိုက်ကြသည်။

"အဲဒီအဒေါ်အပျိုကြီးက ပေါက်ပေါက်ရှာရှာ ပြောတာပဲဟ"

"အင်း...ဟုတ်တယ်"

"ဒါပေမဲ့ သူပြောတာလည်း ဟုတ်သလိုလိုရှိသား ...အဟီး"

ဟုဆိုပြီး ရယ်ကြပြန်သည်။

"ဟဲ့...အဲဒီနည်းလည်း သွားမသုံးကြနဲ့ဦးနော်"

"ဟာ...ဘာဖြစ်လို့သုံးရမှာလဲ"

ထိုသို့ သူမတို့ပြောနေစဉ်တွင် တစ်ဖက်ဝိုင်းမှ ကောင်လေးတစ်ဦးက သူ့သူငယ်ချင်းပြဿနာများကို ဖြေရှင်းပေးနေသော စကားသံသည် သူတို့ဝိုင်းဘက်သို့ တိုးညင်းစွာဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည်လည်း တစ်ယောက်တည်းထိုင်ကာ ဝင်လာသော သူငယ်ချင်းများ၏ ပြဿနာများကို ဖြေရှင်းပေးနေခြင်းဖြစ်၏။

သူ့ဖြေရှင်းချက်များသည် စိတ်ဝင်စားစရာကောင်းလှသည်။

ဘာရယ်မဟုတ်ဘဲ သူတို့ဝိုင်းသည် ထိုကောင်လေး၏ စကားကို နားထောင်ဖြစ်သွားသည်။

သူကိုစကားပြောနေသည်မှာ ဘယ်ကတည်းကမသိ၊ သူမ တို့မှာ တစ်ဝက်တစ်ပျက်ကသာ စကြားရသည်။

■





[ ၂၆ ]

"ဘာဖြစ်လာတာလဲ"

ထိုကောင်လေးက သူ့ခုံတွင် ဝင်ထိုင်လိုက်သည့် သူငယ်ချင်းကို မေးလိုက်သည်။

"ငါချစ်တဲ့ကောင်မလေးဆီက အဖြေရလာလို့"

"အဖြေရတာများ၊ ကောင်းတာပေါ့၊ ဘာစိတ်ညစ်တဲ့ပုံပေါက်နေတာလဲ"

"အဖြေရတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘာအဓိပ္ပာယ်မှန်းမသိတာ ခက်တယ်"

"ဘာဖြစ်လို့လဲ"

"ဒီမှာလေ...သူက ငါ့ကိုပေးလိုက်တဲ့အဖြေ" ဟုဆိုပြီး စာရွက်တစ်ရွက် ထုတ်ပေးသည်။

ကောင်လေးက ဖတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာပဲကွ...ဘာပါလိမ့်"

ကဗျာမှာ နှစ်ကြောင်းပဲဖြစ်သည်။

ပျို့ခေါင်းက စံပယ်ဖြူ

ပန်သူနဲ့လေး

ကောင်လေးက ကဗျာကို အသံထွက်ဖတ်ကြည့်ပြီးနောက်...

"မင်း အခြေအနေ မကောင်းဘူးကွ"

"ဘာ...ဘာဖြစ်လို့လဲဟင်"

"သူ့မှာ ရည်းစားရှိတယ် ဆိုတာကို ရှေးခေတ် ကဗျာလေးနဲ့ ပြောထားတာ"

"ဟုတ်...ဟုတ်လို့လားကွာ"

သူငယ်ချင်းက စိုးရိမ်စိတ်ဖြင့် သေချာအောင်ထပ်မေးသည်။

"ဟုတ်ပါတယ်၊ ဒီကဗျာ ငါသိပါတယ်၊ ပျို့ခေါင်းက စံပယ်ဖြူ ပန်မယ့်သူ ရှိတယ်လို့ ဆိုထားတာပါ"

ကောင်လေး၏သူငယ်ချင်းမှာ စိတ်ဓာတ်အတော်ကျသွားပုံရသည်။

ခေါင်းငိုက်စိုက်ကျသွား၏။

"အဲ့ဒီလောက်လည်း စိတ်ညစ်မနေပါနဲ့"





"ငါက သူ့ကို တကယ်ချစ်တာကွ"

"ဘယ်တတ်နိုင်မလဲ၊ သူ့မှာ ချစ်ရမယ့်သူ ရှိပါတယ်ဆိုနေမှ"

"အေးလေ...ဟုတ်တော့လည်း ဟုတ်ပါတယ်"

သူ့သူငယ်ချင်းမှာ စိတ်လျှော့လိုက်ပုံရသည်။

"ဒါပေမဲ့ အားမငယ်ပါနဲ့ကွ၊ အဲ့ဒီကောင်မလေးကို သူ့ကဗျာရဲ့ အဆက်ဖြစ်တဲ့ နောက်ထပ် စာနှစ်ကြောင်းလေး သွားပေးလိုက်"

"ဘယ်လို"

"သြော်...သူ့ရဲ့စံပယ်ခိုင်က မင်းဘက် မလှည့်တဲ့အတွက် သူ့စံပယ်ခိုင်လှည့်ရာ ဖူးစာရှင်နဲ့ပဲနေတော့ ဆိုပြီး ပြောထားတဲ့ စာကြောင်းပါ"

ဟုပြောပြီး နောက်ထပ်နှစ်ကြောင်းကို ထပ်ဖြည့်ပြီး ရွတ်ပြ၏။

ပျို့ခေါင်းက စံပယ်ဖြူ

ပန်သူနဲ့လေး

စံပယ်ခိုင် ဖူးတိုင်လှည့်ရာ

လွဲရောကွဲ့လေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်းမှာ ထိုကဗျာလေးကို ဝမ်းသာအားရဖြင့် ယူကာ ထွက်သွားလေ၏။

ဤတွင် သူ့သူငယ်ချင်း ဖြစ်ပုံရသော မိန်းကလေးတစ်ယောက် ဝင်လာပြန်သည်။

"နင်က ဘာဖြစ်နေပြန်တာလဲ"

"စိတ်ညစ်လို့"

"ဘာကိစ္စလဲ"

ကောင်မလေးက ငိုမဲ့မဲ့မျက်နှာလေးဖြင့်...

"ငါ့ရည်းစားက သူ့နယ်ကို ခဏပြန်မလို့တဲ့"

"ဒါများ နင်ကလည်း ခဏပြန်တာပဲ၊ ပြန်ပလေ့စေပေါ့"

"ဟဲ့...ငါမှ စိတ်မချတာ၊ ဟိုမှာရှိတဲ့ ရည်းစားဟောင်းနဲ့တွေ့ရင် စိတ်တစ်မျိုးပြောင်းသွားရင် ဘယ့်နယ်လုပ်မလဲ၊ နောက်ပြီး သူ့မိဘတွေက သားရယ် မပြန်ပါနဲ့တော့ဆိုပြီး တစ်ခါတည်း မိန်းမပေးစားလိုက်ရင် ဒုက္ခ"

ကောင်လေးက သူ့သူငယ်ချင်း ကောင်မလေးကို ကြည့်ပြီး ပြုံးရယ် ရယ်လိုက်သည်။

ထို့နောက်...





"ဒါဆို ဒီလိုလုပ်ဟာ"

"အေး...အေး၊ ဘာလုပ်ရမလဲ"

"နင့်ရည်းစား သွားခါနီးကျရင် ကျေးတောလက် ကဗျာလေး ထည့်ပေးလိုက်"

သူ့သူငယ်ချင်းကောင်မလေ မှာ စိတ်ဝင်စားသွားပြီး...

"ဘာကဗျာမို့လို့လဲဟ"

"အေး...ငါရွတ်ပြမယ်၊ လိုက်မှတ်"

ဟုဆိုပြီး ကဗျာတစ်ပုဒ် ရွတ်ပြပြန်၏။

အောက်ပြည်စုန် ပျို့မောင်လှ မှာလိုက်ရတယ်
မယားရရင် မလျော်ခဲ့နဲ့
ခေါ်ခဲ့ပါကွယ်
အိမ်ထောင်ဝယ် လုပ်ဆောင်ဖွယ်အရေး
ထင်းခွေရေခပ်နဲ့ ဆန်ဖွပ်ပါ နေရာတိုင်းမှာ
ခိုင်းလိုက်မယ်လေး။

ကောင်မလေးမှာ ကဗျာကိုကြည့်ပြီး...

"နင့်ကဗျာကြီးကလည်း"

ဟု ဆိုလိုက်သေး၏။

နောက်မှ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မဆိုးပါဘူးလေ၊ သူ သတိရ အောင်ပေါ့"

ဟုဆိုပြီး ကဗျာကိုယူကာ ထွက်သွားပြန်၏။

ထိုအခါမှ ကောင်လေးက သက်ပြင်းချနိုင်ပြီး လက်ဖက်ရည် တစ်ငုံသောက်လိုက်သည်။

ဤတွင် တစ်ဖက်ဝိုင်းမှ နွယ်ဖြူက ထိုကောင်လေးကို ကြည့်ပြီး...

"သူက ဘယ်သူလဲ"

ဟု သူ့သူငယ်ချင်းတစ်ယောက်အား တိုးတိုးလေးမေးလိုက်သည်။

■





[ ၂၇ ]

"အဲဒါ တီတူးလေ၊ ငါတို့မေဂျာက နာမည် ကြီးပဲ"

"ဩော်..."

နွယ်ဖြူမှာ သူ့သူငယ်ချင်းများနှင့်သာ ကျွမ်းဝင်ပြီး အခြားသူများနှင့် သိပ်ကျွမ်းဝင်ခြင်း မရှိချေ။

ထို့ကြောင့် တီတူးကို မသိခြင်းဖြစ်သည်။

သူမသည် တစ်ဖက်ဝိုင်းသို့ မသိမသာလေး စောင်းငဲ့ကြည့်လိုက်သည်။ လက်ဖက်ရည်ကို စိမ်ပြေနပြေသောက်ကာ ဂျာနယ်တစ်စောင်ကို အေးအေးဆေးဆေးဖတ်နေသော သူ့ရုပ်သွင်သည် အေးချမ်းလှ၏။

ရင်ထဲတွင် ပန်းရောင်လှိုင်းတချို့ ဖြတ်သွားသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်လိုနာမည်ကြီးတာလဲ"

နွယ်ဖြူက စိတ်ဝင်စားစွာမေးမိသည်။

"သူက အရမ်းသဘောကောင်းတယ်ဟ၊ ဖော်ရွေမှုလည်းရှိတယ်၊ ပြီးတော့ ပြဿနာတစ်ခုကိုလည်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူများလက်ခံနိုင်အောင် ရှင်းတတ်တယ်"

"အင်း..."

"နောက်ပြီး သူက ရုပ်လည်းချောတော့...အဟီး၊ ငါတောင် ကြိုက်လိုက်သေးတယ်၊ ဒါပေမဲ့ ငါတို့ကို ပြန်မကြိုက်ပါဘူး"

ဟုဆိုပြီး နွယ်ဖြူ့သူငယ်ချင်းက ရှက်ပြုံး ပြုံးနေသည်။

"ဒါဆို သူ့မှာ ရည်းစားမရှိသေးဘူးပေါ့"

"အင်း"

နွယ်ဖြူ့သူငယ်ချင်းအားလုံးက နွယ်ဖြူကို ကြည့်လိုက်ကြပြီး...

"နေပါဦး၊ နင်က သူ့အကြောင်းကို ဘာဖြစ်လို့ မေးနေရတာလဲ"

"ဪ...ရှင်းရှင်းလေးပဲ၊ ငါ သူ့ကို ကြိုက်လို့ပေါ့"





"ဟယ်..."

အားလုံးမှာ မျက်လုံးပြူးသွားကြ၏။

နွယ်ဖြူကတော့ လျှာကလေး တစ်လစ် တစ်လစ် လုပ်နေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၂၈ ]

သူမရှေ့မှလူများကို ကြည့်လိုက်၏။ သူမသူငယ်ချင်း နန္ဒာ၏ မေဂျာမှ သူငယ်ချင်းများဖြစ်သည်။

"သူတို့က ငါတို့မေဂျာကပဲ နွယ်ဖြူ"

ယောကျ်ားလေးနှစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ဖြစ်သည်။

"သူတို့ကိုတော့ နင့်အစီအစဉ်လေးတွေကို အကြမ်းဖျင်း ပြောထားတယ်"

"တီတူးက ကျောင်းကို ဘယ်အချိန် လာတတ်လဲ"

"ဆယ်နာရီကျော်ကျော်လောက်ဆို အခန်းထဲကို လာတတ်တယ်ဟ၊ နင့်ကိုပြောထားသလိုပဲ၊ သူက အတန်းထဲလာရင် ဟိုအခန်းဝင် နှုတ်ဆက်လိုက်၊ ဒီအခန်းဝင်နှုတ်ဆက်လိုက် လုပ်တတ်တယ်"





"ကောင်းတယ်"

"မသိလို့မေးရဦးမယ်၊ နင်က တီတူးကို ဘာကြောင့် ထမင်းကျွေးချင်ရတာလဲ"

"ထမင်းကျွေးချင်တာက အဓိကမဟုတ်ပါဘူး၊ ငါ့မှာ အစီအစဉ်လေးတစ်ခု ရှိလို့ပါ"

"ကဲ...ထားပါတော့၊ သူက နင်စီစဉ်ထားသလို ငါတို့ထဲက တစ်ယောက်ယောက်ဆီမှာ ထမင်းမစားဘူး ဆိုရင်ရော"

"ဒီလိုဟဲ့၊ သူ့ဆီမှာ ညစ်ကျယ်ကျယ်ဉာဏ်လေးတွေ ရှိတယ်၊ ဥပမာဆိုပါတော့ သူ့ကို ထမင်းစားသွားပါဦးလားလို့ လူတွေက ခဏခဏခေါ်ရင် သူက တစ်ယောက်ယောက်ဆီမှာ ဒီလောက်တောင် ဖြစ်လှတာဆိုပြီး အမြင်ကတ်ကတ်နဲ့ လုပ်မယ့်ပုံစံ ရှိတယ်၊ စမ်းကြည့်တာပါ၊ လွဲချော်သွားလည်း နောက်တစ်မျိုးနဲ့ ချဉ်းကပ်တာပေါ့"

ဟုဆိုပြီး နွယ်ဖြူက သူ့ရှေ့မှာရှိသော ချိုင့်သုံးချိုင့်အား နန္ဒာ့သူငယ်ချင်းသုံးယောက်ရှေ့သို့ ထိုးပေးလိုက်၏။

ထိုချိုင့်သုံးချိုင့်စလုံးတွင် ငါးဟင်းများ ပါဝင်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၂၉ ]

"ကိုတီတူးကြီး ထမင်းစားသွားပါဦးလား"

ကောင်လေးတစ်ယောက်က တီတူးကို လှမ်းခေါ်လိုက်သည့်သံအား ကြားလိုက်ရသည်။

ရှေ့က ထမင်းစားဖိတ်သော နှစ်ဖွဲ့ကို ကျော်ပြီး သူမတို့၏နောက်ဆုံးတားကတ်သို့ တီတူး ရောက်လာခြင်းဖြစ်သည်။

သူမ ရင်ခုန်သွားသည်။

မစားတော့ဘူးဟု တီတူး ကျော်သွားမလားဟု စိုးရိမ်လိုက်မိခြင်း ဖြစ်သည်။

သူမလက်တွေသည် အေးစက်နေ၏။ ယောကျ်ားတစ်ယောက်နှင့် ရင်းနှီးခွင့်ရရန် တစ်ခါမှ မကြိုးစားဖူးသော သူမသည် ယခုအခါတွင် ခံစားမှုတစ်မျိုး ခံစားနေရသည်။





တီတူး တွေဝေနေသည်ကို မြင်ရတော့ အနည်းငယ်ပျော်သွားသည်။

သူမထင်သည့်အတိုင်း ဖြစ်လာတော့မည်လား။

ထို့နောက် အသံတစ်သံကြားလိုက်ရသည်။

"အေးဗျာ...စားမယ်"

ဟုဆိုပြီး တီတူးက ကောင်လေးရှေ့တွင် ဝင်ထိုင်လိုက်သည်။

ကောင်လေးက တစ်လှည့်စားလိုက်၊ တီတူးက တစ်ခါစားလိုက်နှင့် ခွက်သံသရာလည်နေသည်ကို ကြည့်ပြီး နှယ်ဖြူတို့ ရယ်ချင်ချင်ဖြစ်သွားသည်။

ခဏကြာသောအခါတွင် နှယ်ဖြူက လေသံနည်းနည်းမြှင့်ကာ သူ့သူငယ်ချင်းများအား ပြောလိုက်၏။

"မနေ့က ငါ့ကို ကောင်လေးတစ်ယောက်က
ရည်းစားစကား လိုက်ပြောတယ်"

တီတူး နားစွင့်နေသည်ကို တွေ့လိုက်ရ၍ နှယ်ဖြူ ပျော်သွားသည်။ ပြီးနောက် စကားကို ဆက်ပြောလိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျန်သည့်အကြောင်းအရာများသည် သူသိသော အကြောင်းအရာများ ဖြစ်သောကြောင့်...

သူသည် နွယ်၏စာအုပ်ကို ပိတ်လိုက်၏။

ရင်ထဲတွင် ကြည်နူးမှု၊ အံ့သြမှုနှင့် နားမလည်နိုင်မှုတို့ ရောပြွမ်းနေသည်။

နွယ်က သူ့ရဲ့စိတ်ဝင်စားမှုကို အကွက်ချ ရယူခဲ့တာပါလား။

ဒါဆို သူမသည် အရာရာတိုင်းကို အစီစဉ်တကျလုပ်ဆောင်တတ်သူလို့ ပြောရပေလိမ့်မည်။

အခုရော...

သူမ ဆုံးပြီးနောက်ပိုင်း အခုရော...

သူမ ဘာတွေစီစဉ်ထားခဲ့ပါသေးလဲ...။

သူ အရမ်းသိချင်လာသည်။

သူမတွင် သူမသိနိုင်သော လျှို့ဝှက်ချက်တစ်ခုတော့ ရှိနိုင်သည်။

ဒါပေမဲ့...

သူ မသိချေ...။

သို့သော်...

သူမလုပ်ဆောင်ထားခဲ့သည့် အကြောင်းအရာအချို့ကို ရင်ခုန်စွာဖြင့် စောင့်ဆိုင်းနေရတာကိုက သူ့အတွက် ပျော်ရွှင်စရာ





လို ဖြစ်နေသည်။

သူမ သူ့အတွက် ဘယ်လောက်အတိုင်းအတာထိ စီစဉ်ခဲ့ပါသလဲ...။

ထိုသို့တွေးရင်းနှင့်ပင် စာကြည့်ခန်းထဲမှ ထွက်လိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် နောက်နှစ်လခန့်အကြာတွင် သူ့အိမ်ရှေ့၌ ဘဲလ်မြည်သံ ကြားလိုက်ရ၏။



[ ၃၀ ]

အိမ်ရှေ့မှ ဘဲလ်တီးသံကြောင့် တီတူး အိပ်ရာမှ လန့်နိုးသွားသည်။ နာရီကို ကြည့်လိုက်တော့ ကိုးနာရီပင် ကျော်နေပြီဖြစ်သည်။

အခုတလော ဆိုင်တွင် အလုပ်များသည့်လ ဖြစ်သောကြောင့် သူဘက် အိပ်ချိန် နောက်ကျနေတတ်သည်။

ဘဲလ်တီးသံက အဆက်မပြတ် ပေါ်နေပြန်သည်။

သူလည်း အိပ်ရာပေါ်မှ ကမန်းကတန်း ထပြီး သွားဖွင့်ပေးလိုက်ရသည်။ သူမသိသော လူစိမ်းတစ်ယောက်ကို တွေ့ရသည်။

"ကိုတီတူးတို့အိမ်လား မသိဘူး"

"ဟုတ်ပါတယ်"

သူစိမ်းလူငယ်က သူ့ကို ကျိုးကျိုးနွံနွံ နှုတ်ဆက်လိုက်ပြီး...

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့…ကျွန်တော်က ‘Golden Trip’ ခရီးသွားကုမ္ပဏီကပါ”

ဆိုပြီး စတင်မိတ်ဆက်လေ၏။

“ဩော်…ဘာကိစ္စများရှိလို့လဲမသိဘူးခင်ဗျာ”

“ကိုတီတူးအတွက် မှာထားတဲ့ ခရီးသွားလက်မှတ် လာပေးတာပါ”

“ဗျာ…”

သူသည် နောက်ထပ်အံ့ဩမှုတစ်ခု တွေ့ရတော့မည်ဟု အလိုလိုသိလိုက်သည်။

■





[ ၃၁ ]

“လွန်ခဲ့တဲ့ ရှစ်လလောက်တုန်းက ကျွန်တော်တို့ ကုမ္ပဏီကို အမျိုးသမီးတစ်ဦး ရောက်လာခဲ့ပါတယ်”

ထိုလူငယ်၏စကားကို တီတူး နားထောင်နေလိုက်သည်။ သူတို့နှစ်ယောက် အိမ်ထဲတွင် ထိုင်၍ စကားပြောနေကြခြင်း ဖြစ်သည်။

“သူမဟာ နောက်ရှစ်လလောက်ဆိုရင် ရောဂါနဲ့ သေဆုံးရမယ့်သူပါလို့ ကျွန်တော်တို့ကို ပြောပါတယ်”

တီတူး ငြိမ်ပြီးနားထောင်နေသည်။

“ပြီးတော့ သူ့ယောကျ်ားအတွက် လက်မှတ်တစ်စောင် ဝယ်မလို့ပြောပြီး ဒီနေ့ ဒီရက်မှာ ဒီလိပ်စာ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပို့ပေးပါဆိုပြီး မှာသွားပါတယ်။ လာပို့ရတဲ့ ဝန်ဆောင်စရိတ်ကိုလည်း ကျွန်တော်တို့ကို ပေးသွားပါတယ်၊ ဒီမှာ လက်မှတ်ပါ ခင်ဗျာ”

ဟုဆိုပြီး တီတူးရှေ့သို့ လက်မှတ်တစ်စောင် ထိုးပေးသည်။

တီတူး ကောက်ယူလိုက်သည်။

တောင်ပေါ်မြို့လေးတစ်မြို့ကို သွားသည့် ကားလက်မှတ်ဖြစ်သည်။

“ဪ...နောက်ပြီး အဲဒီမြို့ရောက်ရင် ဒီလိပ်စာမှာ တည်းပါဆိုပြီးလည်း မှာသွားတယ်ခင်ဗျ”

လူငယ်လေးက သူ့အား လိပ်စာတစ်ခု ရေးထားသော စာရွက်တစ်ရွက်အား ထုတ်ပေးသည်။

သူလှမ်းယူပြီး လက်မှတ်နှင့်အတူ သိမ်းထားလိုက်၏။

ထိုစဉ် လူငယ်လေးက သူ့ကို မဝံ့မရဲကြည့်ပြီး...

“ကိုတီတူး”

ဟု တရင်းတနှီးခေါ်၏။

လက်မှတ်ကို ကြည့်နေရင်းမှ မော့ကြည့်မိသည်။ လူငယ်လေးက သူ့စကားကို ဆက်၏။

“အစ်ကို့မိန်းမရောဟင်...သူပြောသလိုပဲ...”

ဟုဆိုပြီး လူငယ်လေးမှာ အားတုံ့အားနာဖြစ်သွားပုံဖြင့်





စကားရပ်သွားသည်။

“သူ ဆုံးသွားပြီ”

“ဟင်...ဒါဆို သူပြောတဲ့အတိုင်း ဖြစ်သွားတာပေါ့”

လူငယ်လေးသည် အံ့ဩသည့်မျက်ဝန်းများဖြင့် သူ့ကို ကြည့်နေ၏။

သူလည်း ဘာမှပြန်မပြောဖြစ်...။

“အဲဒီနေ့ကတောင် ကျွန်တော် သူ့ကို မေးဖြစ်သေးတယ်”

“ဘာကိုလဲ”

“ဘာကိစ္စကြောင့် အစ်မ ဆုံးသွားပြီးမှ အစ်မယောကျ်ားအတွက် လက်မှတ်ဝယ်ပေးထားခဲ့ရတာလဲလို့”

“အဲဒီတော့ သူက ဘာပြောလဲ”

သူသိချင်သောမေးခွန်းလည်း ဖြစ်တာကြောင့် အလောတကြီး မေးမိသည်။

“သူ့ယောကျ်ားက အဲဒီလတွေဆိုရင် အရမ်းအလုပ်ရှုပ်တာတဲ့၊ ပြီးတော့ ငါကလည်း ရှိတော့မှာမဟုတ်တော့ ငါ့ယောကျ်ား ပင်ပန်းပြီး ဝမ်းနည်းနေ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ ဒါကြောင့် ခရီးလေးဘာလေး ထွက်ဖြစ်အောင် စီစဉ်ပေးခဲ့တာပါတဲ့"

"အို..."

လိုက်မောမှုအရှိန်ကြောင့် သူ့ရင်သည် နွေးသွားသည်။

"ပြီးတော့ ဆက်ပြောသေးတယ်၊ သူ့ကို ခရီးထွက်စေချင်တာလည်း နောက်ထပ်အကြောင်းတစ်ခုရှိသေးတယ်တဲ့"

"ဘာအကြောင်းလဲ"

"အဲ့ဒါတော့ မပြောသွားဘူး"

ခဏကြာသောအခါတွင် ပြောစရာစကား မရှိတော့သောကြောင့် လူငယ်လေးက နှုတ်ဆက်ပြီး ပြန်ရန်ဟန်ပြင်သည်။

သွားခါနီးတွင်...

"သြော်...အစ်ကို ကားထွက်မှာက သန်ဘက်ခါ နေ့လယ် ၁ နာရီနော်"

သူ ခေါင်းညိတ်ပြလိုက်သည်။

■



မိန်းမ ဆုံးပြီး ၂ လ ခန့် အကြာတွင်...

www.burmeseclassic.com

www.burmeseclassic.com



[ ၃၂ ]

အဝေးပြေးကားဝင်းအတွင်းတွင် လူများ ရှုပ်ယှက်ခတ်နေသည်။ လက်မှတ် ထုတ်ကြည့်လိုက်သည်။

လက်မှတ်ပေါ်တွင် ရေးထားသော ကားဂိတ်နာမည်အားခပ်လှမ်းလှမ်းတွင် တွေ့လိုက်ရသည်။

တီတူးက သူ့ကို လိုက်ပို့သော ဆိုင်မှတစ်ယောက်အား…

“ဒီကနေ ပြန်လိုက်တော့လေ၊ ကျွန်တော့်တာသာ ကျွန်တော် ဆွဲသွားလိုက်တော့မယ်”

သူ့လက်ထဲမှ အိတ်အား တီတူး လှမ်းယူလိုက်သည်။

ထို့နောက် ကားဂိတ်ထဲသို့ ဝင်ကာ လက်မှတ်ပြလိုက်၏။

ကားသည် ထွက်ခွာနီးဆဲဆဲဖြစ်သည်။

ထို့ကြောင့် ကားပေါ်တက်ပြီး ထိုင်ခုံနေရာ လိုက်ရှာလိုက်သည်။





တီတူးခုံနံပါတ်မှာ ၁၆ ဖြစ်ပြီး ပြတင်းပေါက်နားကခုံဖြစ်သည်။ အိတ်ကို အပေါ်တင်ကာ နေရာမှာ ဝင်ထိုင်လိုက်၏။

“ဟူး…”

သက်ပြင်းရှည်ကြီးတစ်ခုကို ပျင်းတွဲတွဲချလိုက်သည်။

သူမသိသော နယ်တစ်ခုကို ခရီးထွက်ရပေဦးတော့မည်။

သူ့မိန်းမ စီစဉ်ခဲ့သော ဘာမှန်းမသိသည့် ခရီးတစ်ခု…။

ဘာပဲဖြစ်ဖြစ်လေ အပန်းဖြေခရီးထွက်တာပဲဟု တွေးကာ ပြတင်းပေါက်ကနေ အပြင်သို့ ကြည့်နေလိုက်သည်။

ထိုစဉ်…

ကားသည် စထွက်နေပြီဖြစ်သည်။

သောနားကခုံမှာ လွတ်နေသောကြောင့် လွတ်လွတ်လပ်လပ်ထိုင်လိုက်ကာ မျက်လုံးမှိတ်လိုက်၏။

ကားသည် အဝေးပြေးကွင်းမှ တငြိမ့်ငြိမ့်နှင့် စထွက်နေပြီဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၃၃ ]

တီဗွီအသံကြောင့် မေးနေရာမှ ဆတ်ခနဲလန့်နိုးသွားသည်။ သူ့ဘေးနားက ခုံတွင်တော့ လူလွတ်နေဆဲဖြစ်သည်။

တီဗွီကို လှမ်းကြည့်လိုက်၏။

မြန်မာအခွေတစ်ခွေကို ပြနေခြင်းဖြစ်သည်။

တီတူးလည်း ပျင်းပျင်းရှိတာနဲ့ ကြည့်နေလိုက်သည်။

ဇာတ်လမ်းတွင် ထုံးစံအတိုင်း ကောင်လေးနှင့် ကောင်မလေးတို့ တီတီတာတာ ပြောနေကြသည်။

"တို့ကို ဘယ်လောက်ချစ်လဲဟင်"

မင်းသမီးက မင်းသားပခုံးပေါ်မှီရင်း ပြောသည်။

မင်းသားကလည်း ကလေးက မိဘတွေကို ငယ်ငယ်တုန်းက ပြောသလို...





"အရမ်း...အရမ်း...ချစ်"

ဟု ပြန်ပြော၏။

ဒါကို မင်းသမီးက မကျေနပ်။ နှုတ်ခမ်းလေးစူပြီး...

"ဟာကွာ...အတိအကျပြော၊ အတိအကျပြော"

ဟု ကဂျီကဂျောင်ကျပြန်၏။

မင်းသားခေါင်းကုတ်နေရပြီ။ သူ ဘယ်လိုပြောရပါ့ စသည်ဖြင့် တွေးနေသည့်အိုက်တင်နဲ့ပေါ့။

နောက်တော့ အဖြေရသွားသည်ထင်ပါ့၊ ကမန်းကတန်းပြော၏။

"အညာကြီးချစ်...ဟော့ဒလောက်ချစ်"

ဟုဆိုပြီး ပြော၏။

အမြန်ပြောရ၍လား အိုက်တင်လုပ်တာလားမသိ စကားပင်မပီတော့ချေ...။

ဤသို့ဖြင့် သူကလည်း၊ တို့ကလည်းဖြင့် မင်းသားနှင့် မင်းသမီးမှာ ဘာတွေပြောနေကြမှန်းမသိ ပြောကြ၏။

တစ်ခါ တစ်ခါ မင်းသားက ဆိုသေးသည်။

"တို့အချစ်ကလေ..."

"အင်း...ပြောကြည့်"

"ပန်းနဲ့တူတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ကြာရှည်လည်းမခံဘူး"

မင်းသမီးက ရှုပ်ပုပ်မျက်နှာထားဖြင့် ပြန်ပြောပြန်သည်။

မင်းသားမှာ ဟန်ပါပါနှင့် ပြုံးလိုက်ပြီး...

"တို့ပန်းက စက္ကူပန်းပါ"

ဟုဆိုပြီး 'အဟင်း...အဟင်း'နှင့် ရယ်နေသေး၏။

ဘာတွေပြောမှန်းမသိ ပြောနေတာကို ထိုင်ကြည့်ရင်း တီတူး စိတ်ညစ်လာသည်။ ထို့ကြောင့် ဟိုဟိုဒီဒီ လျှောက်ကြည့်နေလိုက်သည်။

တီကူးခုံ၏မျက်စောင်းထိုးခုံတွင် အတွဲတစ်တွဲ ထိုင်နေသည်။ ကောင်မလေးက ကောင်လေးပခုံးကို မှီပြီး အိပ်နေ၏။

ကြည့်နူးဖို့ ကောင်းလှသည်။

ဘာရယ်မဟုတ်ဘဲ နွယ့်ကို သတိရမိသွားသည်။

အတိတ်သည် အတိတ်မှာ ကျန်ခဲ့နိုင်ပါသည်။

သို့သော်...

သူမက သူ့ရဲ့ တစ်စုံတစ်ခုသော အနာဂတ်ကို အတိတ်က ကြိုးစားခဲ့ဖူးသလား...။

သူမသိ...။

ဒါပေမဲ့...

သူမကိုတော့ သတိရသည်။





နေးရယ်...

တီဗွီက မင်းသားနဲ့ မင်းသမီး အတွဲကလည်း စကားပြော နေတုန်းပဲရှိသည်။

သူ့မျက်စောင်းထိုးက အတွဲကလည်း မှီလျက်အိပ်နေတုန်း ဖြစ်သည်။

သူ နွယ့်ကို ရည်းစားစကားပြောဖြစ်တဲ့နေ့ကို အမှတ်မထင် သတိရသွားသည်။

ထိုနေ့ကအဖြစ်အပျက်သည် အနည်းငယ်ထူးဆန်းသည်ဟု ယခုမှ တီတူး ခံစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းနဲ့ငါကြားမှာ
ခြေလှမ်းပေါင်း ၁၀၀၀ ကွာဝေးရင်
မင်းဘက်က ခြေတစ်လှမ်းပဲ
စလှမ်းပါ
ကျန်တဲ့ ၉၉၉ လှမ်းနဲ့
မင်းဆီကို ငါလှမ်းခဲ့ပါမယ်

(အမည်မသိ)



[ ၃၄ ]

တစ်နေ့ ကင်တင်းမှာ သူငယ်ချင်းများကို ထိုင်စောင့်နေတုန်း နွယ်ဖြူနှင့် သူ့သူငယ်ချင်းတစ်ယောက် တီတူးရှိရာ စားပွဲသို့ လာဝင်ထိုင်သည်။

တီတူးနှင့် နွယ်ဖြူမှာ ထိုအချိန်က အတော်လေးပင် ရင်းနှီးနေပြီဖြစ်သည်။

သို့သော် ရည်းစားတော့ မဖြစ်ကြသေး...။ တီတူးကလည်း မပြောရဲသဖြင့် အချိန်ကြာနေခြင်းဖြစ်သည်။

"တီတူး"

"ပြောလေ...နွယ်ဖြူ"

"ငါ နင့်ဆီက အကြံဉာဏ်တောင်းချင်လို့"

"အာ...ရပါတယ်...အဟဲ..."

တီတူးက စပ်ဖြဲဖြဲမျက်နှာထားဖြင့် ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



နွယ်ဖြူက မျက်စောင်းလေးထိုးရင်း အိတ်ထဲမှ စာလေးတစ်စောင် ထုတ်ပေးသည်။

"ရော့..."

"ဘာလဲဟ"

"စာလေ"

အခြားဇာတ်လမ်းထဲကလို 'ဟာ...နင်ကလည်း'ဟု ရှက်သလိုလို ဘာလိုလိုလုပ်ခြင်းမရှိဘဲ ကိစ္စတစ်ခုကြောင့်ဟုသာ သိပြီး...

"ဘာစာလဲ"

ဟု မေးလိုက်သည်။

"ငါ့ကို ကောင်လေးတစ်ယောက်က ပေးတဲ့ ရည်းစားစာပါ"

တီတူးရင်ထဲ တွန့်သွားသည်။

နှမ်းဖတ်ဖတ် စိုးရိမ်စိတ်ကလေးဖြင့် နွယ်ဖြူကို ကြည့်မိသည်။

နွယ်ဖြူကတော့ အေးအေးဆေးဆေးပင် ရှင်းပြနေသေး၏။

"အဲ့ဒါ သူက ငါ့ကိုတွေ့ရင် အဖြေချည်းပဲ လိုမ့်တောင်းနေတာ၊ ငါ ဘယ်လိုအဖြေရေးပေးရင်ကောင်းမလဲ၊ ပြီးတော့ စာကလည်း ဘာမှန်းကို မသိဘူး"





တီတူးက စာကိုဖွင့်ဖတ်လိုက်သည်။

စာက လန်းတော့လန်းသားဟု ပြောလို့ရသည်။

ဒါမှမဟုတ် မော်ဒန်ဆန်သည်လို့လည်း ပြောလို့ရသည်။

စာမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့

နွယ်ဖြူ

စာကြွင်း။ ။ အပေါ်မှ မမြင်ရသော စာများထဲတွင် ငါ၏နှလုံးသားတချို့နှင့် အလွမ်းတချို့အား အမှောင်ချထားပါသည်။ အချစ်ဖြင့် အလင်းရှိသောသူသာ မြင်နိုင်ပါစေ။





တီတူးက စာကိုဖတ်ကြည့်ပြီးနောက်...

"ဒီလိုလုပ်ဟာ"

"အေး...ဘယ်လိုလုပ်ရမလဲ"

နွယ်ဖြူက အားတက်သရော ပြန်မေးသည်။

"နင် သူ့ကိုချစ်လား"

"ဟာ...မချစ်လို့ပေါ့၊ ချစ်ရင် နင့်တောင် လာပြောမနေတော့ဘူး"

"ဒါဆို သူ့ကို ဒီအတိုင်း ပြန်ရေးပေးလိုက်"

"ဘယ်လိုရေးပေးလိုက်ရမလဲ"

တီတူးက စာရွက်လေးတစ်ရွက် ထုတ်ရင်း တစ်ဖက်ပါအတိုင်း ရေးလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့

ဘယ်သူ ဘယ်ညာ

စာကြွင်း။ ။ အပေါ်မှ မမြင်ရသော စာများထဲတွင် ကျွန်မ၏ အမုန်းတရားအချို့နှင့် ပါးရိုက်ချက် '၃'ချက် တိတိအား ဘယ်ပြန်ညာပြန် ထည့်သွင်းထားပါသည်။ ပုထုခြင်း ကင်းမဲ့စွာဖြင့် ကြယ်မြင်လမြင် မြင်နိုင်ပါစေ။





တီတူး စာကိုကြည့်ပြီး နွယ်ဖြူနှင့် သူ့သူငယ်ချင်းတို့က ရယ်ကြသည်။ သူလည်း လိုက်ရယ်မိသည်။

ရယ်နေရင်းနှင့်ပင် နွယ်ဖြူကိုကြည့်ပြီး ချစ်ချစ်လာသည်။ သို့သော်လည်း ဘာကြောင့်မှန်းမသိ ဖွင့်မပြောရဲချေ။

သူများတွေကိုသာ ဘာလုပ်ပါ ညာလုပ်ပါနှင့် ပြောတတ်သည်။ ကိုယ့်အလှည့်ကျတော့ ဘာလုပ်ကြည့်စမ်း၊ ညာလုပ်ကြည့်စမ်း ပြောမယ့်လူမရှိချေ။

"နေဦး...နောက်တစ်စောင် ကျန်သေးတယ်"

"ဟင်...ရည်းစားစာပဲလား"

"ဟုတ်တယ်"

တီတူးရင်ထဲမှာ အရင်ကထက် စိုးရိမ်စိတ်ဝင်လာပြီ ဖြစ်သည်။

နွယ်ဖြူက စာလေးတစ်စောင် ထပ်ထုတ်ပေးရင်း...

"စာက တိုတိုလေးပါ"

ဟု ပြောသည်။

တီတူး ဖတ်ကြည့်လိုက်သည်။ နွယ်ဖြူပြောသလိုပဲ စာက တိုတိုလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့

နွယ်ဖြူ

ကိုယ့်အချစ်ကို ယုံကြည်ပေးပါ၊ ကိုယ် မင်းကို သိပ်ချစ်တယ်။

မျှော်လင့်လျက်

သူ မျက်မှောင်ကြုတ်လိုက်သည်။

ထို့ကြောင့် ထိုစာလေးအောက်မှာပဲ တစ်စုံတစ်ခု ရေးပေးလိုက်၏။

"ရော့...ဒီအတိုင်း စာပြန်လိုက်ပါလား"

နွယ်ဖြူက လှမ်းယူသည်။

ထို့နောက် စာကိုဖတ်ကြည့်ပြီးနောက် ခပ်ပါးပါးလေးပြုံး၏။

တီတူးကလည်း ထိုပါးပါးလေးကိုပဲ မြင်ဖြစ်အောင် မြင်လိုက်သည်။ သူရေးပေးလိုက်သော စာမှာ တစ်ဖက်ပါအတိုင်းဖြစ်သည်။





သို့

ဘယ်သူဘယ်ဘာ

ရှင့်အချစ်ကို ကျွန်မက ယုံရမယ် ဟုတ်လား။ ရှင် တစ်ခုသိထားဖို့ ကျွန်မ ပြောပြမယ်။ Believe ယုံကြည်ခြင်းလို့ အဓိပ္ပာယ်ရတဲ့ အင်္ဂလိပ်စာလုံးကြားမှာတောင် Lie လိမ်ညာခြင်းလို့ အဓိပ္ပာယ်ရှိတဲ့ စကားလုံးလေး ညပ်ပါနေသေးတယ်။

ဒါကြောင့် ရှင့်ကို ကျွန်မ မယုံကြည်ဘူး၊ ချစ်လည်း မချစ်ပါဘူး။

မမျှော်လင့်နဲ့

ဤသို့ဖြင့် နွယ်ဖြူမှာ ကျေနပ်သွားပြီး သူ့စာနစ်စောင်ကိုင်ကာ ကင်တင်းမှ ထွက်သွားလေ၏။

နွယ်ဖြူ ထွက်သွားပြီးသည့်အချိန်မှာ သူ့ရင်တွင် မောလျှစွာ ကျန်ရစ်ခဲ့သည်။

တာဝေးပြေးလာသူတစ်ယောက်လို နှလုံးသားက တဒုတ်ဒုတ်နှင့် ခုန်ကျန်ခဲ့သည်။

နှလုံးသားက ခုန်ကျန်ပလေ့စေ၊

အချစ်ကတော့ ကျန်ခဲ့ဖို့မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဟု ယူဆကာ နွယ်ဖြူကို ရည်းစားစကားပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

■





[ ၃၅ ]

ထိုနေ့က နွယ်ဖြူကို ရည်းစားစကား ပြောရသည်မှာ ..ည်းနည်း ကြောင်စီစီနိုင်ပါသည်။

ရည်းစားစကား ပြောမည်ဟု ဆုံးဖြတ်ပြီး နွယ်ဖြူကို လိုက် ..ှာသောအခါ ကင်တင်းတစ်ခုတွင် သူငယ်ချင်းများနှင့် အတူတွေ့ ..ရသည်။

တီတူးလည်း ချက်နှာကို ခပ်တည်တည်လုပ်ကာ သူတို့စားပွဲ ..တွင် ဝင်ထိုင်လိုက်သည်။

သူတို့အားလုံးမှာ စကားစများပြတ်သွားပြီး ရုတ်တရက် ..ဝင်လာသော တီတူးကို ကြည့်မိသည်။

တီတူးကလည်း နွယ်ဖြူကိုသာ ကြည့်နေသည်။

"နွယ်ဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ...တီတူး"

"ငါ နင့်ကို ရည်းစားစကား ပြောချင်လို့"

"ဟင်"

တီတူး၏စကားကြောင့် နွယ်ဖြူ့သူငယ်ချင်းများ အထိတ်တလန့်ဖြစ်သွားသည်။

နွယ်ဖြူကတော့ ပြုံးလျက်ပင်...။

"ဒါဆို ပြောလေ..."

တီတူးက သူ့လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်လိုက်သည်။

ဘူးလေးတစ်ဘူး ဖြစ်သည်။

ဘူးမှာ အကြည်ရောင်ဖြစ်သောကြောင့် ဘူးလေးထဲတွင် အန်စာတုံးများ ထည့်ထားသည်ကို တွေ့ရသည်။

"ဒီဘူးထဲမှာ အန်စာတုံး ၇၁ တုံး ပါပါတယ်၊ ဒါဟာ ငါ့ရဲ့ ရည်းစားစကားပါ"

ထိုသို့ပြောရင်း တီတူး၏ လုပ်ရက်ကို အားလုံးနားမလည်နိုင် ဖြစ်နေကြသည်။

ဤတွင် နွယ်ဖြူ့သူငယ်ချင်းတစ်ယောက်က...

"နင့်ဟာက ဘာအဓိပ္ပာယ်လဲ တီတူး"

ဟု မေး၏။





တီတူးက နွယ်ဖြူ့မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

နွယ်ဖြူကလည်း သူ့ကို ပြန်ကြည့်နေသည်။ သူတို့နှစ်ယောက်သည် မျက်နှာချင်းဆိုင် အနေအထားနှင့် ဖြစ်၏။

"ငါ သူနဲ့ မျက်နှာချင်းဆိုင်တွေ့တိုင်း အမြဲတမ်းကံကောင်းလေ့ရှိတယ်၊ ဒါကြောင့် သူနဲ့ မျက်နှာချင်းဆိုင်ပြီး တစ်သက်လုံး လက်တွဲသွားချင်တယ် ဆိုတဲ့ သဘောပါ"

"အဲ့ဒါနဲ့ အန်စာတုံးက ဘာဆိုင်လို့လဲ"

ထိုသူငယ်ချင်းကပဲ ဝင်မေးသည်။

"ဟ...ဆိုင်တာပေါ့၊ အန်စာတုံးရဲ့ ဆန့်ကျင်ဘက်မျက်နှာနှစ်ခုတွေကို ပေါင်းကြည့်ပါလား၊ နံပါတ် ၇ ရတယ်လေ၊ Lucky 7 ပေါ့၊ နွယ်ဖြူမျက်နှာလေးကို မျက်နှာချင်းဆိုင်တိုင်း Lucky ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ"

ခဏမျှ တိတ်ဆိတ်သွားကြသည်။

အန်စာတုံးတစ်တုံးအား ကြည့်ပြီး ဆန့်ကျင်ဘက်မျက်နှာများ ပေါင်းခြင်းဟာ ခုနစ် ရ မရ ပေါင်းကြည့်နေကြသည်။

"အေးဟဲ့၊ ဘယ်လိုပဲပေါင်းပေါင်း ခုနစ် ရတယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ တီတူးလည်း သူတို့စကားပြောတာကို ခဏစောင့်နေလိုက်သည်။

"အဲ့ဒါတော့ ဟုတ်ပါပြီ၊ သူ့ကို ချစ်ကြောင်း ကြိုက်ကြောင်း သင်္ကေတလေး မပါဘူးလား"

"ပါတာပေါ့၊ ငါ အန်စာတုံး ၇၁ တုံး ပေးထားတယ်လေ"

"အဲ့ဒါ ဘာဖြစ်လဲ"

"အန်စာတုံး တစ်ခုလုံးရဲ့ ဂဏန်းတွေ ပေါင်းကြည့်ရင် ၂၁ ရတယ်၊ အခု အတုံးပေါင်း ၇၁ တုံး ဆိုတော့ တွက်ကြည့်ပေါ့"

သူတို့ တွက်ကြပြန်သည်။

ခဏကြာတော့...

"အားလုံးပေါင်းလိုက်တော့ ၁၄၉၁ ရတယ်လေ၊ အဲ့ဒါ ဘာဖြစ်လဲ"

"ဒါဆို ၁၅၀၀ ပြည့်ဖို့ ဘယ်လောက်လိုသေးလဲ"

"၉ လိုတယ်လေ"

"အေး...အဲ့ဒါ ငါ အခု ၉ နဝင်း ဝင်နေတယ်၊ အဲ့ဒါပြီးလို့ ကိုးရက်မြောက်နေ့မှာ နွယ်ဖြူဆီက အဖြေ တောင်းမယ်လေ၊ ဒါဆို ၁၅၀၀ ပြည့်သွားပြီပေါ့"





တီတူးစကားကြောင့် အားလုံးဝိုင်းရယ်ကြသည်။

ထို့နောက် ကာယကံရှင်ဖြစ်သော နွယ်ဖြူကိုသာ ကြည့်လိုက်ကြသည်။

"နွယ်ဖြူ"

တီတူးက တိုးတိုးလေးခေါ်လိုက်သည်။

"ဘာလဲ"

နွယ်ဖြူကလည်း တိုးတိုးလေး ပြန်ထူးသည်။

"ငါ့ရဲ့အန်စာတုံးကို လက်ခံတယ်မှတ်လား"

အမေးသည် တော်တော်ကိုးရိုးကားရားတော့နိုင်ပါသည်။ သို့သော် အားလုံးက နားလည်သောကြောင့် ကိုးရိုးကားရားမှ ဗိုးတိုးဝါးတား ပြုံးရယ်သံများ ထွက်လာသည်။

နွယ်ဖြူ ခေါင်းညိတ်ပြ၏။

"နောက်ကိုးရက်ကြာရင် အဖြေပေးမယ်"

■



www.burmeseclassic.com

www.burmeseclassic.com



[ ၃၆ ]

"အစ်ကိုကြီး...အစ်ကိုကြီး"

လူငယ်လေးတစ်ယောက်၏ လာနှိုးမှုကြောင့် သူ လန့်နိုးသွားသည်။

"ဘာ...ဘာလဲ"

"တစ်ခုခုစားဖို့အတွက် ကားခဏရပ်တာပါ၊ အဲ့ဒါ အိပ်ပျော်နေလို့"

ထိုအခါမှ ပတ်ဝန်းကျင်ကို ကြည့်မိသည်။

ကားပေါ်မှ တစ်ယောက်မှမရှိတော့...။ သူတစ်ယောက်တည်းသာ ကျန်တော့သည်။

ထို့ကြောင့် ကားပေါ်မှ ဆင်းလိုက်သည်။

ဆိုင်လေးသည် အဝေးပြေးလမ်းပေါ်မှာ ဖွင့်ထားသော ဆိုင်





လေးတစ်ဆိုင်ဖြစ်သောကြောင့် အစားအသောက် စုံလင်၊ ပစ္စည်းစုံလင်စွာရသော ဆိုင်လည်းဖြစ်သည်။

ပထမဦးဆုံး အိမ်သာထဲသို့သွားပြီး ကိုယ်လက်သန့်စင်လိုက်သည်။ ပြီး...တစ်ခုခုစားရန်အတွက် စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

ဘာစားရမလဲ...။ မနက်ကဟတည်းက ကော်ဖီနှင့်မုန့်သာ စားထားရသောကြောင့် ဗိုက်က ဆာနေပြီဖြစ်သည်။

တစ်ခုခုစားမှ ဖြစ်မည်။

စားပွဲထိုးကို ရှာကြည့်လိုက်သည်။ တစ်ယောက်မှ သူ့အနားတွင် မရှိချေ...။

ဒါကြောင့် ကောင်တာတွင် မှာရန်အတွက် ထလိုက်သည်။

ထိုစဉ် သူ့အရှေ့သို့...

အမျိုးသမီးတစ်ယောက်နှင့်အတူ စားပွဲထိုးနှစ်ယောက်တို့ ရောက်လာကြပြီး ထမင်းနှင့် ဟင်းအချို့ လာချပေးသည်။

ဇီတူးလည်း ကြောင်တောင်တောင် ဖြစ်သွားပြီး...

"မှာနေပြီထင်တယ်၊ ကျွန်တော် ဘာမှ မမှာရသေးဘူး ခင်ဗျာ"

အမျိုးသမီးက သူ့ကိုကြည့်ပြီး...

"ရှင်က ကိုဇီတူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်ပါတယ်"

"ဒီထမင်းပွဲတွေ၊ ဟင်းပွဲတွေက လွန်ခဲ့တဲ့ ရှစ်လ လောက်တုန်းက ရှင့်မိန်းမက ရှင့်အတွက် မှာသွားတဲ့ ထမင်းနဲ့ ဟင်းပါ"

"ဗျာ"

အံ့သြမှုနှင့်အတူ ထမင်းပွဲ ဟင်းပွဲတွေကိုသာ ငေးကြည့်နေမိသည်။

သူကြိုက်တတ်သောဟင်းများ ဖြစ်နေသည်။

■



[ ၃၇ ]

ထမင်းစားနေရသော်လည်း တစ်စုံတစ်ခုကို လွမ်းနေမိသည်။ သူ့ကို ဒီလောက်အထိ အသေးစိတ် ဂရုတစိုက် စီစဉ်သွားသော နှယ်၏ချစ်ခြင်းကို တွေးမိကာ ဝမ်းနည်းမျက်ရည်လည်မိသည်။

"လိုက်ပွဲယူဦးမလား အစ်ကို"

စားပွဲထိုးလေးတစ်ယောက်က မေးသည်။

တော်ပြီဟုဆိုပြီး သူ လက်ကာပြလိုက်သည်။

ထို့နောက် ဆိုင်ရှင်ဖြစ်ပုံရသည့် ခုနကအမျိုးသမီး ထိုင်နေသော ကောင်တာရှိရာသို့ လှမ်းသွားလိုက်သည်။

"တစ်ခုလောက် မေးချင်လို့ပါ"

အမျိုးသမီးက သူ့ကိုကြည့်လိုက်ပြီး...

"မေးပါရှင်၊ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မြင်ဖူးလို့ တီတူးမှန်း တပ်အပ် သိတာလား"

"မမြင်ဖူးပါဘူး"

"ဒါဆို ဘယ်လိုသိလဲဗျ"

"ဩော်...ဒါလား၊ ကျွန်မတို့က ရှင့်မှတ်ပုံတင် နံပါတ် သိတယ်လေ၊ ပြီးတော့ ဒီတစ်ရက် နှစ်ရက် အတွင်း မြို့ကိုသွားမယ့်ကားမှာ ပါမယ်ဆိုတာလည်း သိတယ်၊ ဒီတော့ ကားသမားတွေကို မေးလိုက်ရင် ရှင့်ကိုသိတာပဲလေ၊ အဲ့ဒီလိုမျိုး လုပ်ပေးဖို့ အစီအစဉ် တွေကို စီစဉ်ပေးဖို့ ရှင့်မိန်းမကပဲ အကူအညီတောင်း သွားတာပါ"

"ကျွန်တော့်မိန်းမနဲ့က အရင်ကတည်းက သိကြ တာလား"

"ဟင့်အင်း...မသိပါဘူး"

"ဩော်..."

အမျိုးသမီးက ဆက်ပြောသည်။

"အဲ့ဒီနေ့က ကျွန်မတို့ဆိုင်မှာ စားပွဲထိုးဝန်ထမ်း တစ်ဦးနဲ့ စားသုံးသူတစ်ဦးတို့ ရန်ဖြစ်ကြတယ်"

"အင်း"





"ရန်ဖြစ်တော့ ကျွန်မလည်း ဖြေရှင်းရတာပေါ့၊ ဒါပေမဲ့ ဘယ်သူမှားလို့ ဘယ်သူမှန်မှန်းလည်း မသိ ဘူး၊ ကျွန်မကတော့ ဝယ်သူဘက်က အမြဲမှန်တယ် ဆိုတာကို လက်ခံထားတော့ ကျွန်မဝန်ထမ်းကို ဟောက်ပြီး Customer ကို တောင်းပန်ရတာပေါ့"

"ဘယ်လိုဖြစ်တာလဲ"

"စားပွဲထိုးလေးက သူမှာတာကို တိတိကျကျ မဆောင်ရွက်တာရယ်၊ တလွဲတချော် ဖြစ်တာရယ်၊ အဆိုးဆုံးက မထီမဲ့မြင်နဲ့ ပြောဆိုဆက်ဆံတာကြောင့် ဖြစ်ရတာပါ"

"စားပွဲထိုးလေးကရော သူပြောတဲ့အတိုင်း လုပ်မိ လို့လား"

"အင်း...လုပ်မိတယ်"

သူလည်း ထိုအမျိုးသမီးစကားကို ဆက်နားထောင်နေ လိုက်သည်။

"ဒီတော့ ကျွန်မက သူ့ကို တောင်းပန်ရင်းနဲ့ စကားခဏပြောမိသွားတယ်၊ အဲဒီအခါမှာ သူဟာ စကားပြောကောင်းပြီး ဉာဏ်ရည်ဉာဏ်သွေးကောင်း တဲ့သူမှန်း သိလာရတယ်။ ဒါနဲ့ သူနဲ့ကျွန်မ စကား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောဖြစ်သွားကြတယ်”

အမျိုးသမီးက စားပွဲထိုးလေးတစ်ဦးအား ငွေပေးငွေယူ လုပ်နေသောကြောင့် စကားခဏပျက်သွားသည်။

ခဏကြာတော့...

“အဲဒီလို စကားပြောရင်းနဲ့ သူက မှတ်သား စရာပုံပြင်လေးတစ်ပုဒ် ပြောပြတယ်၊ ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ ပုံပြင်လေးတစ်ပုဒ်ပေါ့၊ ကြားကြားပြီးပြီး မှာ ကျွန်မ သိပ်ကြိုက်သွားတယ်၊ ဒီမှာလေ သူပြော သွားတဲ့ပုံပြင်လေးကို ကြိုက်လွန်းလို့ သေသေချာချာ ရေးပြီး ကျွန်မရဲ့ကောင်တာနောက်မှာ ထားထား တာ”

ဟုဆိုပြီး သူမရဲ့နောက်ကို ညွှန်ပြသည်။

ထိုအခါမှ သူလည်း အမျိုးသမီးအနောက်မှ စာများကို သတိထားမိသွားသည်။

ပုံပြင်လေးတစ်ပုဒ်ကို ရေးထားခြင်းဖြစ်သည်။

* * *





တစ်ခါတုန်းက မြို့လေးတစ်မြို့မှာ ထမင်းဆိုင်နှစ်ဆိုင်ရှိ၏။ ထိုဆိုင်နှစ်ဆိုင်မှာ အစားအသောက်လည်း ကောင်းမွန်၏။ နေရာမှာလည်း လူစည်ကားသောနေရာတွင် ဖွင့်ထား၏။

အပြင်အဆင်နှင့်တကွ ဝန်ဆောင်မှုမှာလည်း အတူတူပင် ဖြစ်သော ဆိုင်နှစ်ဆိုင်ဖြစ်သည်။

သို့သော် ပထမဆိုင်မှာ သိပ်ရောင်းမကောင်းချေ။

ဒုတိယဆိုင်တွင် ဝယ်ယူစားသောက်သူများမှာ များပြားလှပေသည်။ (ဒုတိယဆိုင်ဟာ ပထမဆိုင်ထက် မည်သည့်အရာက သာလွန်ကောင်းမွန်ပါသလဲ၊ မည်သူမျှ သေသေချာချာမသိချေ။)

ဤတွင် ပထမဆိုင်ပိုင်ရှင်က သူ့ဆိုင်သည် ဒုတိယဆိုင်နှင့် အရည်အသွေး၊ ဝန်ဆောင်မှုတူသော်လည်း ဘာကြောင့် လူဝင်နည်းရသနည်းဟု စဉ်းစားမိ၏။

ထို့ကြောင့် ထိုကိစ္စကို စုံစမ်းရန်အတွက် လူတစ်ယောက်အား ဒုတိယဆိုင်သို့ တိတ်တဆိတ်စေလွှတ်ပြီး စုံစမ်းစေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် နှစ်ရက်ကြာသောအခါတွင် ထိုလူက ပထမဆိုင်ပိုင်ရှင်အား အကြောင်းအရာစုံ ပြန်ပြောပြလေ၏။

ထိုအခါ ပထမဆိုင်ပိုင်ရှင်မှာ ဒုတိယဆိုင်အကြောင်း နားလည်သွားပြီး နောက်တစ်နေ့တွင် သူ့ဆိုင်၌ ဆိုင်းဘုတ်ကြီးတစ်ခု ချိတ်လိုက်လေ၏။

**ကျွန်ုပ်၏ဆိုင်တွင်လည်း စေတနာပါ အဆစ်ထည့်ပေးပါသည်။**





"ဆိုလိုချင်တာက အခြားအရာတွေနဲ့အတူ စေတနာလေးပါ အဆစ်ထည့်ပေးခိုင်းတဲ့သဘောပါ၊ အဲဒီစိတ်လေးနဲ့ ရောင်းလာတာ ကျွန်မဆိုင် တော်တော်လေး ရောင်းအားတက်လာခဲ့ပါတယ်"

ဟု ရှင်းပြ၏။

"ကျွန်မကို အဲဒီပုံပြင်လေး ပြောသွားတာကတော့ မနွယ်ဖြူပါ"

သူ ခေါင်းညိတ်ပြလိုက်သည်။

"နောက်တော့ ဘာဆက်ဖြစ်သေးလဲ"

"သူ့ခရီးသူဆက်သွားပါတယ်၊ ဒါပေမဲ့ အပြန်ကျတော့ ဒီဆိုင်မှာ ပြန်ဝင်ပြီး ထမင်းစားပါတယ်၊ ကျွန်မနဲ့လည်း တော်တော်လေး ရင်းနှီးသွားပါတယ်၊ အဲဒီမှာ သူက ကျွန်မကိုပြောတယ်"

"ဘာပြောလဲ"

"ကျွန်မယောကျ်ားဟာ ဒီဆိုင်ကို နောက်ရှစ်လလောက်ကျရင် ရောက်လာပါလိမ့်မယ်တဲ့၊ အဲဒီအခါကျရင် သူ့အတွက် ဟင်းအချို့လေး စီစဉ်ပေးပါဆိုပြီး မေတ္တာရပ်ခံတယ်"

သူ ဘာမှပြန်မပြောနိုင်ဘဲ နားထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပထမတော့ ကျွန်မက နောက်နေတယ်ထင် တာပေါ့၊ နောက်မှ တကယ်ပြောတာပဲဆိုပြီး လက်ခံ လိုက်ပါတယ်၊ နာမည်နဲ့ မှတ်ပုံတင်နံပါတ်ကိုလည်း ပေးသွားတယ်၊ သူ့ယောကျာ်းမှန်း ဘယ်လိုသိအောင် လုပ်ရမလဲ ဆိုတာပါ ပြောသွားတယ်၊ ပြီးတော့ ကုန်ကျစရိတ် အားလုံးကိုလည်း ရှင်းသွားပါတယ်၊ အစ်ကိုစားထားတဲ့ စရိတ်ကို နုတ်လိုက်ရင် ငွေတွေ ပိုပါသေးတယ်"

ဟုဆိုပြီး သူ့ကို ပိုငွေများထုတ်အမ်း၏။

သူလှမ်းယူလိုက်မိပြီး လက်ထဲမှငွေများကို ကြောင်ကြည့်နေ မိသည်။ ထိုစဉ်...

ကားထွက်တော့မည်ဖြစ်ကြောင်း အော်သံများကို ကြားလိုက် ရသည်။

"ကျေးဇူးပါပဲ"

ပြောပြီး သူ လှည့်ထွက်ခဲ့သည်။

မျက်ဝန်းက မျက်ရည်တွေစိုနေမိသည်။ သူ့ဘဝမှာ တစ်ခါမှ ဒီလောက်အထိ ကြည်နူးမှုမရှိခဲ့...။

သူ လှည့်ထွက်ပြီး တစ်လှမ်း နှစ်လှမ်းပဲရှိစဉ်...

"မနွယ်ဖြူကို ကျွန်မက သတိရတယ်လို့ ပြော





ပေးပါ"

အမျိုးသမီး၏ ပြောသံကို ကြားလိုက်ရသည်။

ဘာကြောင့်မှန်းမသိ သူ ခေါင်းညိတ်ပြလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် သူ့ဇနီး စိစဉ်ခဲ့ရာ တောင်ပေါ်မြို့လေးသို့ ရောက်ရှိလာခဲ့ရသည်။



[ ၃၈ ]

ကားပေါ်က ဆင်းဆင်းချင်း ခံစားလိုက်ရသည်မှာ အေးချမ်းလှသော ရာသီဥတုဖြစ်သည်။

ထို့နောက် တောင်ပေါ်မြို့လေး၏ အဝေးပြေးကားဝင်းအတွင်းမှ လူစည်ကားမှုများ...။

မြင်တွေ့ရသည့် မြင်ကွင်းများအပြင် တစ်လမ်းလုံး အစာအနည်းငယ်သာ စားထားသောကြောင့် ဗိုက်ကလည်း ဆာလာပြန်သည်။

ထို့ကြောင့် ကားဂိတ်နှင့် နီးစပ်ရာ ဆိုင်တစ်ဆိုင်သို့ ဝင်ထိုင်လိုက်၏။

"ဘာစားမလဲ အစ်ကို"

"ထမင်းကြော် ရလား"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြက်သားနဲ့ တစ်ပွဲလောက်"

စားပွဲထိုးလေးက ဆိုင်အနောက်ဘက်သို့ လှမ်းအော်ပြီး မှာသည်။

ခဏအကြာတွင် ထမင်းကြော် ပူပူနွေးနွေးလေးတစ်ပွဲ ရောက်လာ၏။ ဆာဆာနှင့် စားလိုက်ရာ ထမင်းကြော်မှာ ကုန်လု နီးပါး ဖြစ်သွားသည်။

"အအေး တစ်ပုလင်းလောက်"

အအေးရောက်လာတော့ အအေးကို စိမ်ပြေနပြေ ထိုင် သောက်ကာ ဟိုဟိုဒီဒီ ကြည့်နေမိသည်။

ထို့နောက် အိတ်ကပ်ထဲမှ စာရွက်လေးတစ်ရွက်ကိုလည်း ထုတ်ကြည့်မိသည်။

လိပ်စာလေးတစ်ခုဖြစ်၏။ နွယ်ကည်းခိုင်းထားသည့် လိပ်စာ ဖြစ်သည်။

ထိုသို့ကြည့်နေစဉ်မှာ သူ့နောက်ကျောဘက် ခပ်လှမ်းလှမ်း စားပွဲမှ ကောင်မလေးတစ်ယောက်အသံကို ကြားလိုက်ရသည်။

"မနေ့က ငါ့ကို ကောင်လေးတစ်ယောက်က ရည်းစားစကား လိုက်ပြောတယ်"

"အဲ့ဒါပဲ အဆန်းလုပ်လို့၊ နင်က လှတဲ့မိန်းကလေး ပဲ၊ လိုက်ပြောခံရမှာပေါ့"





ထိုကောင်မလေး၏ သူငယ်ချင်းဖြစ်ပုံရသော တစ်ယောက် က ဝင်ပြောသည်။

"ဟဲ့...ငါက တယုတယနဲ့ ငါ့ကိုယ်ငါ ဂုဏ်တင် ပြီးပြောတာ မဟုတ်ဘူး၊ အဲ့ဒီနေ့က သူက သူ့ကိုယ် သူ ဂုဏ်ဖော်နေလို့ လုပ်ထည့်လိုက်တယ်"

"ဟယ်...ဘယ်လို"

"နင်ကလည်း အဲ့ဒီလောက်ကြီးဖြစ်မသွားပါနဲ့၊ နည်းနည်းပါးပါး ပညာပေးလိုက်တာပါ"

နားထောင်မိသော တီတူးမှာ ထိုစကားများကို ကြားဖူးသလို ရှိသည်ဟု ခံစားလိုက်ရသည်။

သို့သော် မသေချာသေး...။ ထို့ကြောင့် ဆက်နားထောင်နေ လိုက်သည်။

"ဘယ်လိုစမ်းတာလဲ"

"သူက ငါ့ကို စဝင်ရော ရော"

"အင်း"

"ပထမတော့ သူက သူ့ကိုယ်သူ မိတ်ဆက်တာ အေးဆေးပါပဲ"

"နောက်တော့ ဘာဖြစ်လဲ"

"နောက်တော့ သူ့အဖေက ဘယ်လောက်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ဘယ်အလုပ်တွေလုပ်ကြောင်း ငါ့လာပြော
ရော”

“အင်း…အဲ့ဒါနဲ့”

“ငါလည်း ရှင့်အဖေက ဘာလုပ်ငန်းလုပ်လဲလို့
မေးလိုက်တယ်”

“ဘာလုပ်ငန်းတဲ့လဲ”

“ငါးလုပ်ငန်း လုပ်ပါတယ်တဲ့”

■





[ ၃၉ ]

“ဟင်…”

တီတူး အံ့သြနေသည်။ ထိုစကားလုံးများသည် နွယ်ဖြူနှင့်
စတွေ့စဉ်က ကြားခဲ့ရသည့်စကားများ ဖြစ်သည်ကို ပြန်မှတ်မိ
လာသည်။

သူစဉ်းစားနေစဉ်မှာပင် ကောင်မလေးများက စကားဆက်
ပြောနေသည်။

“ဒါနဲ့ ငါလည်း မေးလိုက်တယ်”

“ဘာမေးလိုက်တာလဲ”

“ဒါဆို ရှင်က ငါးအကြောင်းတွေ တော်တော်
သိမှာပေါ့လို့”

“အဲ့ဒီတော့…”



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ ဘာညာနဲ့ပြောတာ သူ့လောက် ငါ့အကြောင်းသိတဲ့လူ မရှိဘူးလို့တောင်ပြောတာ၊ အဲ့ဒါနဲ့ ငါလည်း အမြင်ကတ်ပြီး ရှင် ကျွန်မကို တကယ်ချစ်တယ်ဆိုရင် 'မြန်မာဖိုက်တင် ဗီဒီယိုဓာတ်လမ်းငါး'တွေကို ယူလာခဲ့၊ အဲ့ဒီအခါကျမှ ရှင့်အချစ်ကို စဉ်းစားမယ်လို့ ပြောလိုက်တယ်"

တီတူးသောက်နေသော အအေးပင် နင်သွားသည်။

ထိုကောင်မလေးများသည် နွယ်ဖြူနှင့် တစ်ခုခု ပတ်သက်နေပါသလား။

သူ ခေါင်းတွေထူပူသွားသည်။

ဘာလုပ်ရမလဲ။

လှည့်ကြည့်ပြီး သွားမေးလိုက်ရင် ကောင်းမလား။

သူ အမျိုးမျိုးတွေးနေမိသည်။

"မြန်မာဖိုက်တင် ဗီဒီယိုဓာတ်လမ်းငါးတွေဆိုတာ ဘာငါးတွေလဲဟ"

"အာ...ငါလည်းမသိဘူး"

"ဟင်...မသိဘဲနဲ့ ဘာဖြစ်လို့ သူ့ကိုပြောလိုက်တာလဲ"

"ငါမသိပေမဲ့ သိတဲ့လူတစ်ယောက် ရှိတယ်"





"ဘယ်သူလဲ"

"ငါ အခု အဲ့ဒီလူကို လာကြိုတာ"

တီတူးခန္ဓာကိုယ်သည် ဆတ်ခနဲမတ်သွားသည်။

ထိုစဉ် သူ့စားပွဲဝိုင်းသို့ ကောင်မလေးသုံးယောက် ရောက်လာ၏။

"ကိုတီတူးလား မသိဘူး"

"ဟုတ်ပါတယ် ခင်ဗျာ"

ဟုပြောပြီး ပြောသောကောင်မလေးအား ကြည့်လိုက်သည်။

"ဟင်..."

ထိုကောင်မလေးသည် နွယ်ဖြူနှင့် တော်တော်တူတာကို တွေ့လိုက်ရသည်။

■



www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်တယ်ဆိုတာ
တစ်ယောက်ကို တစ်ယောက်
အထောက်အပံ့ ပေးတာပါ။





[ ၄၀ ]

"သမီးနာမည်က ခေး ပါ"

ဟု ကောင်မလေးက သူ့ကိုယ်သူ မိတ်ဆက်သည်။

နွယ်နှင့်တူသော ကောင်မလေးတစ်ယောက် သူ့ရှေ့ကို ရောက်လာခြင်းသည် အိပ်မက်တစ်ခုလို ထင်နေသည်။

ထို့ကြောင့် စကားပြန်မပြောခဲ့ခြင်း ဖြစ်သည်။

ဒါတွေအားလုံးဟာ နွယ် စီစဉ်ခဲ့တာလား...။

ဘယ်လိုကြောင့်များပါလဲ...။

"ညီမလေးက နွယ်ဖြူရဲ့ ညီမလား"

သူ အထစ်ထစ် အငေါ့ငေါ့ဖြင့် မေးလိုက်သည်။

"မဟုတ်ပါဘူး၊ မနွယ်ဖြူနဲ့ ခေးက ဘာမှ မတော်ပါဘူး၊ မနွယ်ဖြူ ဒီကိုလာလည်မှပဲ သိတာပါ"

"ရုပ်ချင်းတော်တော်တူတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်၊ ရုပ်ချင်းဆင်လို့လည်း တော်တော်ကြီးကို ရင်းနှီးသွားကြပါတယ်”

“ဪ...”

သူ ဘာမှမပြောမိ...။

တောင်ပေါ်မြို့လေးကို လာခိုင်းသည့် သူ့ဇနီး နွယ်၏ အစီအစဉ်ကိုလည်း ရိပ်မိသလိုခံစားလာရသည်။

သို့သော် ဝေဝေဝါးဝါးသာ ရှိသေးသည်။

ထို့နောက် တီတူးသည် သူ့လက်ထဲမှ လိပ်စာအား သတိရသွားပြီး ‘ခေး’ လက်ထဲသို့ လှမ်းပေးလိုက်သည်။

“ဒါ ကျွန်တော်တည်းရမယ့် အိမ်လိပ်စာဆို”

“ဟုတ်ပါတယ်၊ အစ်ကိုပိုင်တဲ့အိမ်ပါ”

“ဘယ်လို”

“သူမရှိတော့ရင် အစ်ကို အနားယူလို့ရအောင် ဆိုပြီး ဝယ်ပေးထားခဲ့တာပါ၊ သူ ဒီမြို့လေးကို အိမ်လာကြည့်ရင်းနဲ့ ခေးနဲ့ တွေ့တာပါ”

“အို...”

ဘာမှပြောစရာမရှိလောက်အောင် ရင်သည် ဟာသွားသည်။





[ ၄၁ ]

စိတ်ချမ်းမြေ့စရာကောင်းလှပြီး သပ်ရပ်စွာရှိသော ကစ်ထပ်တိုက်လေးနှင့် ခြံဝင်းကျယ်ကြီးတစ်ခုကို ကြည့်ပြီး တီဟူး ငြိမ်နေမိသည်။

ဒါဟာ နွယ်က သူအနားယူ အပန်းဖြေဖို့ စီစဉ်ပေးခဲ့တာတဲ့...။

နွယ့်ကို သတိရမိသည်။

သူ့ရင်ထဲတွင် ဘာကြောင့်မှန်းမသိဘဲ အလိုလို ဝမ်းနည်းလာမိသည်။

အခုအချိန်တွင် သူ့အတွက် ဘာမှမလိုအပ်ပါ၊ သူ့ဇနီး နွယ်ကိုသာ အလိုရှိနေပါသည်။

“အစ်ကို ခြံထဲဝင်သွားလိုက်ပါ၊ ခြံထဲမှာ ခြံစောင့်



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးတစ်ယောက် ရှိပါတယ်၊ သစ္စာရှိတဲ့ လူယုံ
ပေါ့၊ ခေးကတော့ နောက်နေ့မှ လာခဲ့ပါ့မယ်”

ဟုဆိုပြီး သူ့ကိုထားကာ ထွက်သွားလေတော့၏။

ထွက်ခွာသွားသော ကောင်မလေးကိုကြည့်ရင်း သူတစ်ယောက်တည်း ခြံရှေ့တွင် ကျန်ရစ်ခဲ့သည်။

အခုတော့...

ခြံတစ်ခြံရှေ့...

အထုပ်တစ်ထုပ်နှင့်...

အလွမ်းအချို့ရှိသော လူတစ်ယောက် ဖြစ်နေလေပြီ...။

ခြံဝင်းလေးနောက်ဘက်သို့ အမှတ်မထင် ကြည့်မိသွားသည်။

ရှုခင်းတစ်ခု...။

တစ်နေရာရာတွင် မြင်ဖူးသည်ဟု ထင်ရသော ရှုခင်းတစ်ခုကို မြင်လိုက်ရသည်။

ဘယ်နေရာမှာ တွေ့ဖူးပါလိမ့်...။

စဉ်းစားသည်။

ထို့နောက် ပန်းချီကားတစ်ချပ်ကို သွားသတိရမိသည်။

နွယ် ကူညီလိုက်သော ထမင်းချက်အဒေါ်ကြီးမှ သူ့ကို ပေးလိုက်သော ပန်းချီကားထဲတွင် ရှုခင်းတစ်ခုနှင့် ခြံဝင်းလေး





တစ်ခုသည် ယခု သူမြင်ရသော မြင်ကွင်းနှင့် တစ်ပုံစံတည်း တူနေသည်။

ထိုပန်းချီကား ရစဉ်တုန်းက ဘာကြောင့်ရမှန်း မသိသော်လည်း အခုမှပင် နွယ်၏အကြံကို သိရတော့သည်။

နွယ့်ကိုလည်း တော်ပေ့လေး အထင်ကြီး၊ ချီးကျူးမိသည်။

ထိုစဉ်...

“သားက ရန်ကုန်ကလာတဲ့ တီတူးလားကွဲ့”

ဟူသော အဘိုးကြီးတစ်ယောက်အသံကို ကြားလိုက်ရသည်။

■



www.burmeseclassic.com

www.burmeseclassic.com



[ ၄၂ ]

"သားလာရင် နေဖို့ဆိုပြီးတော့ သမီးနှယ်ဖြူက အဘကို မှာထားခဲ့တဲ့ အခန်းပါ၊ ဘယ်တော့မှ မဖွင့်ပါနဲ့လို့ မှာထားတဲ့အခန်းပေါ့၊ သားလာမှပဲ ဖွင့်ပါစေတဲ့၊ ရော့...ဒီမှာသော့ပါ"

ဟုဆိုပြီး အဘိုးကြီးက သူ့ကို သော့လေးတစ်ချောင်း ပေးသည်။

သူ့ကို သော့ပေးပေးပြီးချင်း 'လိုအပ်ရင် လှမ်းခေါ်လိုက်ပါ အဘ ခြံထဲမှာရှိတယ်'ဟုဆိုပြီး အဘိုးကြီးမှာ ထွက်သွားလေသည်။

အခန်းရှေ့တွင် သော့ကြီးကိုင်ပြီး တစ်မိနစ်ခန့် ရပ်နေမိသည်။





အိပ်မက်တစ်ခုလား...။

မဖြစ်နိုင်ပါ..။

သူ့လက်ထဲမှ သော့ကို ပြန်ကြည့်လိုက်သည်။

ဟုတ်ပါသည်၊ ဒါဟာ အိပ်မက်တစ်ခု မဟုတ်ပါ။

ထို့ကြောင့် အခန်းတံခါးကို ဖွင့်လိုက်သည်။

"အို..."

■



www.burmeseclassic.com

www.burmeseclassic.com



[ ၄၃ ]

လှပသော အခန်းလေးတစ်ခု...။ ဖျော်ဖြေရေးပစ္စည်းများ အစုံအလင်၊ စာအုပ်စင်များ...။ နူးညံ့သော အိပ်ရာကတစ်ခုနှင့် စာကြည့်ရန်ခုံ အပါအဝင် လိုအပ်သောပစ္စည်းများ စုံလင်စွာ ရှိသော အခန်းလေးတစ်ခု ဖြစ်နေသည်။

စိတ်ကူးကောင်းလှသော နွယ်ကိုလည်း နှုတ်မှ တမ်းတမိ သည်။

"ဘာပဲပြောပြော မင်းကို ကျေးဇူးတင်ပါတယ် နွယ်၊ မင်းရှိစဉ်တုန်းက ကိုယ်မှားခဲ့တာရှိရင်လည်း ကိုယ့်ကို ခွင့်လွှတ်ပါ"

ပါးပြင်မှ ပူခနဲတစ်ချက်ခံစားလိုက်ရသည်။

မျက်ရည်ကျမိခြင်း ဖြစ်သည်။





ဝမ်းနည်း၊ ဝမ်းသာ ကြည်နူးမှု...

ဘာမှန်းမသိသော ခံစားမှုဖြင့်ကျသည့် မျက်ရည်ဖြစ်သည်။

အခန်းအတွင်း လိုက်ကြည့်နေသော သူ့မျက်လုံးများသည် တစ်နေရာအရောက်တွင် ရပ်တန့်သွားသည်။

စာလေးတစ်စောင်...။

စာကြည့်ခုံပေါ်မှ စာလေးတစ်စောင်ကို တွေ့လိုက်ရသည်။

"နွယ့်လက်ရေးပဲ"

ဟုဆိုပြီး စာကို ကမန်းကတန်းဖွင့်ဖတ်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်

ဒါဟာ နွယ် မောင့်ကိုရေးတဲ့ နောက်ဆုံးစာပါ။

နွယ်က မောင့်ကို ဒီတောင်ပေါ်မြို့လေးကို ဘာကြောင့်ခေါ်လာရတယ်ဆိုတာ မောင်လည်းသိလောက်ရောပေါ့။

နွယ် မရှိတော့ရင် မောင် အထီးကျန်နေမှာစိုးလို့ပါ။

ဒါပါပဲမောင်...။

ထာဝရနှုတ်ဆက်ခဲ့ပါတယ်။

နွယ့်ကိုလည်း သတိမရပါနဲ့တော့...။

နွယ်ဖြူ





အချိန်အတော်ကြာသည်အထိ သူ ငိုနေမိသည်။

နွယ်၏နောက်ဆုံးစာမှာ တိုတိုလေးသာဖြစ်သော်လည်း သူ့ရင်ထဲမှာ ရှည်လျားလှသော ဘဝတို့ ကျန်ရစ်ခဲ့သည်။

မောလျှစွာ...

ငိုသံများ...

သူတစ်ယောက်တည်း အားပါးတရ ငိုသံများ။

စာအား နောက်တစ်ခေါက် ပြန်ဖတ်မိသည်။

ထာဝရနှုတ်ဆက်ခဲ့ပါတယ်၊

နွယ့်ကိုလည်း သတိမရပါနဲ့တော့...။

နွယ်ဖြူ

နောက်ဆုံးတွင် နာမည်အပြည့်အစုံဖြစ်သော နွယ်ဖြူဟု ရေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်စာများလို နွယ်လို့ မရေးထားဘော့…။

သူမ တကယ်ပဲ သူ့ကို နှုတ်ဆက်ခဲ့ပြီလား…။

သံယောဇဉ်ပြတ်တဲ့အနေနဲ့ အရင်တုန်းက ခေါ်သလို နွယ်လို့ မရေးဘဲ နွယ်ဖြူလို့ ပြောင်းရေးခဲ့တာလား…။

BURMESE CLASSIC .com

သူမသိတော့…။

"ငါ နှင်ထားခဲ့တဲ့ ဘဝမှာ ကြိုးစား ပြီးနေခဲ့ပါ

မယ် နွယ်ဖြူ"

သူ၏ ဟိုးတိုးလေးရေရွတ်လိုက်သော စကားသံကို နွယ်ဖြူ ကြားလိမ့်မည်ဟု သူထင်သည်။

သူ့ကို လက်ပြနှုတ်ဆက်ပြီး ထွက်ခွာသွားသော နွယ်ဖြူကို လည်း မြင်နေရသလို ခံစားရသည်။

သူ့ခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ ခွေခေါက်လဲကျသွား သည်။

■



# တစ်နှစ်ခန့် ကြာသောအခါ…

www.burmeseclassic.com

www.burmeseclassic.com



## [ ၄၄ ]

တောင်ပေါ်မြို့လေး၏ လမ်းမတစ်ခုတွင် အမျိုးသားတစ်ဦး နှင့် ကောင်မလေးတစ်ယောက်တို့ လမ်းလျှောက်နေကြသည်။

ကောင်မလေးမှာ အမျိုးသား၏လက်မောင်းကို မှီရင်း တီတီတာတာပြောကာ လမ်းလျှောက်လာခြင်းဖြစ်သည်။

"ကို တစ်ခုမေးရဦးမယ်"

အမျိုးသားက ကောင်မလေးကို လမ်းလျှောက်ရင်းမှ မေး သည်။

"မေးလေ၊ ဘာမေးမလို့လဲ"

"နွယ်ဖြူက ခေးကို ဘယ်လိုအစီအစဉ်တွေနဲ့ စီမံထားခဲ့ပေးတာလဲ"

"ဩော်...ဒါလား၊ မနွယ်ဖြူနဲ့ စခင်တုန်းက





ခေးအိတ်ထဲကို ဓာတ်ပုံတစ်ပုံ မသိမသာ ထည့်ပေး လိုက်တယ်"

"ဘာပုံလဲ"

"အစ်ကို့ပုံပေါ့"

"ဩော်..."

"ခေးလည်း အစ်ကိုပုံလေးကြည့်ပြီး ပြန်မပေးဘဲ ထားခဲ့မိတယ်"

ကောင်မလေးက ပြောနေရင်းပင် မျက်နှာလေးရဲလာသည်။ အမျိုးသားကတော့ ပြုံးလျက်ပင်...။

"တစ်နေ့ကျတော့ မနွယ်ဖြူက သူ့ဓာတ်ပုံတစ်ပုံ ခေးဆီကို ပါသွားလား မေးတယ်"

"အဲဒီတော့..."

"ဒါနဲ့ ဓာတ်ပုံပြန်ပေးရမှာစိုးပြီး မပါသွားပါဘူး ဆိုပြီး လိမ်ပြောမိတယ်၊ ပြီးတော့ ဘယ်ကဓာတ်ပုံလဲ၊ ဘယ်သူ့ဓာတ်ပုံလဲဆိုပြီး စပ်စုမိတာပေါ့၊ သိချင်တာ ကိုး"

ကောင်မလေးက ရယ်ဖြဲဖြဲလေးပြန်ပြောသည်။

"သူက ပြောပြလား"

"ချက်ချင်းကြီးတော့ မပြောပြဘူး၊ ခေးက



www.burmeseclassic.com

www.burmeseclassic.com



အရမ်းသိချင်နေတယ်ဆိုတဲ့ အချိန်ကျမှ ပြောပြတာ”

အမျိုးသားကလည်း ဘာမှပြန်မမေးသလို ကောင်မလေးကလည်း ဘာမှထပ်မပြောချေ…။

“နောက်တစ်ပတ်လောက်လည်း ကြာတော့ မနွယ်ဖြူက အကူအညီတစ်ခုကို ပွင့်ပွင့်လင်းလင်း တောင်းပါတော့တယ်၊ အဲဒီအချိန်ကျမှ သူမဟာ ရောဂါတစ်ခုနဲ့ ကွယ်လွန်တော့မယ်ဆိုတာကိုလည်း သိလိုက်ရတယ်”

တွေးပြီး ဝမ်းနည်းမိသွား၍ စကားဆက်မပြောနိုင်ဘဲ ဖြစ်သွားသည်။

“နောက်ပြီး ဒိုင်ယာရီစာအုပ်လေးတစ်အုပ် ထုတ်ပေးတယ်၊ သူသေပြီးနောက် သူ့ယောကျ်ားအတွက် စီစဉ်ခဲ့တဲ့ အစီအစဉ်လေးတွေပါတဲ့စာအုပ်ပါ”

မနက်စောစောဖြစ်သောကြောင့် နှင်းမြူတို့က ကျနေသည်။ အပြင်၌ အနည်းငယ်အေးသော်လည်း သူတို့ရင်ထဲမှာတော့ နွေးထွေးနေသလိုခံစားရသည်။

“မနွယ်ဖြူပြောတဲ့ အစီအစဉ်ကို ခေး လက်ခံလိုက်မိတယ်၊ သူကွယ်လွန်ပြီးရင်လည်း သူစီစဉ်ထားတဲ့ အစီအစဉ်တွေကို ဂရုစိုက်ပြီး ညွှန်ကြားပေးပါမယ်





ဆိုတဲ့ ကတိလည်း ပေးလိုက်တယ်။

“ဒါပေမဲ့…”

“ဒါပေမဲ့…ဘာဖြစ်လဲ”

“အစ်ကို့ကို လက်ထပ်မယ်၊ လက်မထပ်ဘူး ဆိုတာကတော့ အစ်ကို ဒီတောင်ပေါ်မြို့လေး ရောက်ပြီး လူကိုယ်တိုင် တွေ့ရမှ ဆုံးဖြတ်မယ်လို့ ပြောလိုက်တယ်”

အမျိုးသားထံမှ သက်ပြင်းချသံ ထွက်လာသည်။ ကောင်မလေးက ဆက်ပြောသည်။

“မနွယ်ဖြူကလည်း ဒါက ဖြစ်သင့်တဲ့ကိစ္စပါလို့ ပြောတယ်၊ ချက်ချင်းအဖြေပေးမယ် ဆိုရင်တောင်မှ သူက လက်ခံမှာမဟုတ်ပါဘူးလို့လည်း ပြောတယ်”

“အဲဒီတော့…”

“အဲဒီတော့ ကျွန်မက အစ်ကို လမ်းမှာ ဘာတွေဖြစ်တယ်၊ ဘယ်လိုခံစားရတယ်ဆိုတဲ့ စိတ်ခံစားမှုတွေကို သိထားတယ်လေ၊ ဒီတော့မှ အစ်ကိုဟာ မနွယ်ဖြူကို အရမ်းချစ်တယ်ဆိုတာ ခေး သိလိုက်ရတယ်။ ပြီးတော့ အစ်ကို့ကို သနားလည်း သနားသွားတယ်။ ဒါနဲ့ အစ်ကို ကားပေါ်ကဆင်းပြီး ဆိုင်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းဝင်လာတဲ့အချိန်မှာပဲ ခေး ဆုံးဖြတ်လိုက်တယ်”

“ဘာကိုလဲ”

ကောင်မလေးက အမျိုးသားရဲ့လက်မောင်းလေးပေါ် ခေါင်း လေးမှီရင်း...။

“အစ်ကို့ကို တစ်သက်လုံး စောင့်ရှောက်ပါမယ် ဆိုပြီး မန္တယ်ဖြူကို တိုးတိုးလေး ကတိပေးဖို့ပေါ့”

“သြော်...ခေးရယ်”

ဟုဆိုပြီး အမျိုးသားကလည်း ကောင်မလေးကို ရင်ခွင်ထဲ၌ ပွေ့ဖက်ထားလိုက်သည်။

အပြင်တွင် ဆောင်းရာသီဖြစ်သည်။

ထို့အတူ မြူနှင်းတို့လည်း ဝေနေသည်။

လေးစားစွာဖြင့်...

လူနေ



BURMESE CLASSIC .com

www.burmeseclassic.com